# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၁၂) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | အစိုးရဝန်ထမ်းမဟုတ်သော ပြင်ပသွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များအား သက်ဆိုင်ရာဘာသာရပ် တစ်ခုချင်းစီအလိုက် အထူးပြုမဟာဘွဲ့လွန်ပညာများ ဆက်လက်သင်ကြားပေးရန်အတွက် မည်သည့် ပညာသင်နှစ်တွင် စတင်သင်ကြားပေးမည်နှင့် မည်သည့်တက္ကသိုလ်တွင် သင်ကြားပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့တည်ဆောက်ရာ၌ ဌာနဆိုင်ရာအဆောက်အဦများ နေရာချထားရာတွင် အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရေးအတွက် မြေဧရိယာ(၁၂၀ ပေ x ၁၂၀ ပေ)အား ခွဲဝေ၊ ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | ပုဏ္ဏားကျွန်းမြို့နယ်၊ သဲတက်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ပန်ဝိုင်ကျေးရွာအုပ်စု၊ ဝမ်ကောင်း(ထက်)လားဟူရွာ၊ ကျေးရွာအမက အဆောက်အဦဟောင်းအား ဖျက်သိမ်း၍ အဆောက်အဦအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | ကော့သောင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် လစ်လပ်လျက်ရှိသော ဆရာဆရာမများကို ဖြည့်စွက်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၁၀ | ၂၀၁၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ နိုင်ငံပိုင်ကြေးမုံသတင်းစာပါ အလုပ်ခေါ်စာအရ မူလတန်း စာပေးစာယူသင်တန်းတက်ရောက်မည့် အရည်အချင်းစစ်စာမေးပွဲ ယှဉ်ပြိုင်ဖြေဆိုအောင်မြင် ခဲ့ပြီးသော အထွေထွေလုပ်သားများကို သတင်းစာပါ | ၁၇ |

အလုပ်ခေါ်စာကတိကဝတ်အတိုင်း မူလတန်း စာပေးစာယူသင်တန်းခေါ်ယူရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

၁၁ မင်းလှမြို့နယ်ရှိ ရဲဝန်ထမ်းများနေထိုင်သော ဟောင်းနွမ်းအိမ်ရာ အဆောက်အအုံများအား ဖျက်သိမ်း၍ အိမ်ရာအသစ် ဆောက်လုပ်ပေးရန်နှင့် အသုံးပြုရန် မသင့်လျော်သော မော်တော်ယာဉ်နှစ်စီးအား အသစ်လဲလှယ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း ၂၁

၁၂ ဥတ္တရသီရိမြို့နယ် မြေနေရာရှိပြီးသော မင်းကုန်းအုပ်စုတွင် မီးသတ်ကားထားရှိပြီး ရုံးခွဲဖွင့်လှစ် ပေးရန်၊ တောင်ညိုအုပ်စု၊ ရွှေနံ့သာရပ်ကွက်နှင့် မောင်းရမ်းအုပ်စုများတွင် မီးသတ်ကားထားရှိနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၄

၁၃ သိန္နီမြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းအတွက် ၂၀၂၀-၂၀၂၁ စီမံကိန်းတွင် မြို့နယ်ရုံးတစ်ထပ်ဆောင် ဆောက်လုပ်ခြင်း၊ အချုပ်ခန်းတစ်လုံး ဆောက်လုပ်ခြင်းနှင့် လူနေအိမ်လိုင်းခန်းဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၈

၁၄ မိုင်းယန်းမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးတွင်လိုအပ်နေသော ရဲစခန်း(အချုပ်ခန်းပါ) (၈၀ x ၃၀ x ၁၂ ပေ) သံကူကွန်ကရစ်တစ်လုံး၊ မြို့နယ်ရဲတပ်ဖွဲ့ရုံး (၄၀ x ၃၂ x ၁၂ ပေ) Steel Structure တစ်ထပ်တစ်လုံး၊ ခြောက်ခန်းတွဲနှစ်ထပ် (၁၂၆ ပေ x ၃၅ ပေ x ၆ လက်မ)+ ၂ x ၂(၂၀ x ၂၀ ပေ) သံကူကွန်ကရစ်တစ်လုံး တို့အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၃၀

၁၅ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၃၂

၁၆ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြ သင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးကအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၃၉

၁၇ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသား စာကြည့်တိုက်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်များ တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း ၄၀

၁၈ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အထိ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည် ဖြေကြား ချက်များ အပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အစီရင်ခံစာ (၁/၂၀၂၀) ၄၇

၁၉ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက် မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၁၃၁

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့ အစီအစဉ်

# (၂၃-၃-၂၀၂၀ ) (တနင်္လာနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **အစိုးရဝန်ထမ်းမဟုတ်သော ပြင်ပ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များအား သက်ဆိုင်ရာ ဘာသာရပ် တစ်ခုချင်းစီအလိုက် အထူးပြုမဟာဘွဲ့လွန်ပညာများ ဆက်လက်သင်ကြား ပေးရန်အတွက် မည်သည့်ပညာသင်နှစ်တွင် စတင်သင်ကြားပေးမည်နှင့် မည်သည့် တက္ကသိုလ်တွင် သင်ကြားပေးမည်ကို သိလိုခြင်းနှင့်** စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့တည်ဆောက်ရာ၌ ဌာနဆိုင်ရာအဆောက်အဦများ နေရာချထားရာတွင် အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နိုင်ရေးအတွက် မြေဧရိယာ (၁၂၀ ပေ×၁၂၀ ပေ)အား ခွဲဝေ၊ ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့နယ်၊ သဲတက်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၏ **မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ပန်ပိုင်ကျေးရွာအုပ်စု၊ ဝမ်ကောင်း(ထက်)လားဟူရွာ၊ ကျေးရွာ အမက(ခွဲ) အဆောက်အဦဟောင်းအား ဖျက်သိမ်း၍ အဆောက်အဦအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **ကော့သောင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် လစ်လပ်လျက်ရှိသော ဆရာ၊ ဆရာမများကို ဖြည့်စွက်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **၂၀၁၃ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့ နိုင်ငံပိုင်ကြေးမုံသတင်းစာပါ အလုပ်ခေါ်စာအရ မူလတန်းစာပေးစာယူ သင်တန်း တက်ရောက်မည့် အရည်အချင်းစစ်စာမေးပွဲ ယှဉ်ပြိုင်ဖြေဆို အောင်မြင်ခဲ့ပြီးသော အထွေထွေလုပ်သားများကို သတင်းစာပါ အလုပ်ခေါ်စာ ကတိကဝတ်အတိုင်း မူလတန်းစာပေးစာယူ သင်တန်းခေါ်ယူရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်ကြီး(ခ) ဦးအုန်းခင်၊ မင်းလှ မဲဆန္ဒနယ်၏ **မင်းလှမြို့နယ်ရှိ ရဲဝန်ထမ်းများနေထိုင်သော ဟောင်းနွမ်းအိမ်ရာအဆောက်အဦများအား ဖျက်သိမ်း၍ အိမ်ရာအသစ် ဆောက်လုပ်ပေးရန်နှင့် အသုံးပြုရန် မသင့်လျော်သော မော်တော်ယာဉ် (၂) စီးအား အသစ်လဲလှယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၏ **ဥတ္တရသီရိမြို့နယ် မြေနေရာ ရှိပြီးသော မင်းကုန်းအုပ်စုတွင် မီးသတ်ကားထားရှိပြီး ရုံးခွဲဖွင့်လှစ်ပေးရန်၊ တောင်ညိုအုပ်စု၊ ရွှေနံ့သာရပ်ကွက်နှင့် မောင်းရမ်းအုပ်စုများတွင် မီးသတ်ကား ထားရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **သိန္နီမြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း အတွက် ၂၀၂၀-၂၀၂၁ စီမံကိန်းတွင် မြို့နယ်ရုံး တစ်ထပ်ဆောင် ဆောက်လုပ်ခြင်း၊ အချုပ်ခန်းတစ်လုံး ဆောက်လုပ်ခြင်းနှင့် လူနေအိမ် လိုင်းခန်း ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးစိုင်းဆမ်၊ မိုင်းယန်း မဲဆန္ဒနယ်၏ **မိုင်းယန်းမြို့နယ်၊ ရဲတပ်ဖွဲ့မှူး ရုံးတွင် လိုအပ်နေသော ရဲစခန်း (အချုပ်ခန်းပါ) (၈၀×၃၀×၁၂)ပေ သံကူ ကွန်ကရစ်(၁)လုံး၊ မြို့နယ်ရဲတပ်ဖွဲ့ရုံး (၄၀×၃၂×၁၂)ပေ Steel Structure (၁) ထပ် တစ်လုံး၊ (၆) ခန်း တွဲ ၂ ထပ် (၁၂၆ပေ× ၃၅ပေ× ၆လက်မ)+ ၂×၂(၂၀×၂၀)ပေ သံကူကွန်ကရစ် တစ်လုံး တို့အား လာမည့်ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **“အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိသည့်အနက် ၄၀၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၈၁ ရာခိုင်နှုန်း ရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၃) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၄) ဖြစ်ပါတယ်။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၀ ဦး ရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၁ ရက်၊

(၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၃ ရက်၊

(၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၄) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၅) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၄ ရက်၊

(၆) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၇) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၄ ရက်၊

(၈) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၉) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၄ ရက်၊

(၁၀) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် ၄ ရက်၊

(၁၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၄ ရက်၊

(၁၂) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၄ ရက်၊

(၁၃) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး(ခ)ဦးစိုင်းဝင်းအေး ခွင့် ၄ ရက်၊

(၁၄) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၁၅) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၄ ရက်၊

(၁၆) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရိုန် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၇) လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ခွင့် ၁ ရက်၊

(၁၈) မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၉) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၄ ရက်၊

(၂၀) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်၊

(၂၁) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊

(၂၂) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၂၃) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂၄) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၂ ရက်၊

(၂၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၂၆) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၂၇) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်နှင့်

(၂၈) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၈ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

မှုကြမ်း

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**အစိုးရဝန်ထမ်းမဟုတ်သော ပြင်ပသွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များအား သက်ဆိုင်ရာဘာသာရပ် တစ်ခုချင်းစီအလိုက် အထူးပြုမဟာဘွဲ့လွန်ပညာများ ဆက်လက်သင်ကြားပေးရန်အတွက် မည်သည့် ပညာသင်နှစ်တွင် စတင်သင်ကြားပေးမည်နှင့် မည်သည့်တက္ကသိုလ်တွင် သင်ကြားပေးမည်ကို သိလို ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ဆက်လက်မေးမြန်းခွင့်ပြုပါရန် တောင်းခံ အပ်ပါတယ်။ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များက ပေးအပ်တဲ့ဘွဲ့တွေကတော့ ပုံမှာ ပြထားတဲ့အတိုင်းဖြစ်ပြီး ကျွန်တော့်အနေနဲ့ အရပ်ဘက်၊ တပ်ဘက်ဆိုင်ရာဆေးတက္ကသိုလ်များက

ပေးအပ်သော သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာဘွဲ့၊ ဒီပလိုမာများအနက် MDSC သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့နှင့်ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ သွားဘက်ဆိုင်ရာဆေးပညာ မဟာသိပ္ပံဘွဲ့သင်တန်းကို ၁၉၉၃ ခုနှစ်မှစတင်၍ လုပ်သက်နှစ်နှစ်ရှိ ဝန်ထမ်းဆရာဝန်များကို ဝင်ခွင့်စာမေးပွဲဖြေဆိုစေပြီး ဝင်ခွင့်ရသူများကို တက်ရောက်ခွင့်ပေးခဲ့တာဖြစ်ပါတယ်။ နှစ်စဉ် ဘွဲ့လွန်သင်တန်းသား ၂၀ ဦးခန့်တက်ရောက်စေရာမှ ၂၀၁၄ ခုနှစ်မှာ ၃၀ ဦးကျော်ခန့်တိုးမြှင့်ခေါ်ယူခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာတော့ ပုံမှာမြင်ရတဲ့အတိုင်း အထူးပြုဘာသာကိုးဘာသာဖြင့် မဟာဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ရန်စီစဉ်နိုင်ခဲ့ပြီဖြစ်လို့ မြန်မာ့သွားနှင့်ခံတွင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးဇူးအထူးပြုတဲ့အစီအစဉ်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် ယခုအခါမှာ အထူးပြုမဟာသိပ္ပံဘွဲ့ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် ၂၀၀ ကျော်ကို မွေးထုတ်ပြီးပြီလို့ သိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့အခြေအနေကောင်းလှသော်လည်း နမူနာအနေနဲ့ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ မန္တလေးသွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ရဲ့ ဘွဲ့လွန်လျှောက်လွှာကို ဖော်ပြမေးမြန်းလိုပါတယ်။ ပုံကိုကြည့်ရင် MDSC ဘွဲ့လွန်သင်တန်း ဖွင့်လှစ်ခေါ်ယူတာ ၂၆ နှစ်ခန့်ကြာမြင့်ပြီဖြစ်ပေမဲ့ အစိုးရဝန်ထမ်းမဟုတ်တဲ့ ပြင်ပသွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအတွက်ကတော့ မဟာသိပ္ပံဘွဲ့လွန်သင်တန်းတက်ရန် အခွင့်အရေးမရရှိသေးကြောင်း သိရှိရပါတယ်။ ပုံမှာပြထားတဲ့အတိုင်း ဝင်ခွင့်ခေါ်ယူခွင့်လျှောက်လွှာပါ အပိုဒ် ၂ အပိုဒ်ခွဲ(ခ) မဟာသိပ္ပံဘွဲ့အတွက် လိုအပ်သောအရည်အချင်းများဖော်ပြထားရာမှာ အနည်းဆုံးလုပ်သက်တစ်နှစ်ရှိ နိုင်ငံ့ဝန်ထမ်းများလို့ သတ်မှတ်ထားတာတွေ့ရှိနိုင်ပါတယ်။ ဝန်ထမ်းများအတွက်သာ သီးသန့်ရရှိတဲ့ အခွင့်အရေးရှိနေဆဲဖြစ်ပါတယ်။ ပြင်ပသွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တွေဟာ ပြည်တွင်းမှာ မဟာသိပ္ပံဘွဲ့လွန်သင်တန်းများ စဖွင့်ပြီဆိုကတည်းက မဟာသိပ္ပံဘွဲ့အတွက် စိတ်အားထက်သန်နေခဲ့ကြတာကို ၁၉၈၇ ခုနှစ်က BDS ဘွဲ့ရခဲ့တဲ့ ကျွန်တော်ကိုယ်တိုင် သက်သေထူနိုင်ပါတယ်။ ဒီအိပ်မက်ကို အကောင်အထည်ဖော်ဖို့စိတ်ကူး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာ Myanmar Society of Periodontology(MMSP)ဆိုသည်က ပုံမှာပြထားတဲ့အတိုင်း Online မှာတင်ထားတာကို မှတ်တမ်းတစ်ခုအနေနဲ့ တွေ့ရှိခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထူးခြားလေးနက်သောမှတ်တိုင်တစ်ခုအနေနဲ့ ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့မှာ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)က ဒေါက်တာဇော်လင်းထွဋ်၏ ပြင်ပသွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ မဟာသိပ္ပံဘွဲ့သင်ကြားခွင့်ရရန်အတွက်မေးခဲ့တဲ့မေးခွန်းကို ပုံမှာပါတဲ့အတိုင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကဖြေကြားရာမှာ သွားဘက်ဆိုင်ရာ

ဆေးတက္ကသိုလ်များမှ ပြင်ပဆရာဝန်များအတွက် မဟာသိပ္ပံသင်တန်းများကို ၂၀၁၉ ခုနှစ် ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ရန် ကြိုးစားဆောင်ရွက်နေပြီး ဝန်ထမ်းနှင့် ပြင်ပသွားနှင့်ခံတွင်းဆရာဝန် စုစုပေါင်းအရေအတွက်ရဲ့ ၂၀ ရာခိုင်နှုန်းခန့် ခေါ်ယူမယ်လို့ ကတိကဝတ်ပေးခဲ့ပါတယ်။ တရားဝင် Website နှင့် ဂျာနယ်များမှာလည်း ပုံပါအတိုင်းဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့ ဖော်ပြခဲ့ပြီးတဲ့ ၂၀၂၀ ပြည့်နှစ် ပညာသင်နှစ်အတွက် မဟာသိပ္ပံဘွဲ့လျှောက်လွှာခေါ်ယူရာမှာ ပြင်ပဆရာဝန်များ မပါရှိတဲ့အပြင် ယခုအချိန်မှာ ဦးရေ ၃၅၀၀ ကျော်နေပြီဖြစ်တဲ့အတွက် ၎င်းတို့ကိုယ်စား ၎င်းတို့၏အခွင့်အရေးအတွက် မရေမရာဖြစ်နေသေးတာကြောင့် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ပြင်ပဆရာဝန်တွေရဲ့အခွင့်အလမ်းကို ပိတ်ဆို့ပြီး နိုင်ငံ့ဝန်ထမ်း သွားနှင့်ခံတွင်းဆရာဝန်များကို အနည်းဆုံးငါးနှစ်တာဝန်ထမ်းဆောင်စေရန် ကတိကဝတ်ထားပြီး လုပ်သက်တစ်နှစ်ရလျှင် မဟာဘွဲ့လွန်တက်ခွင့်ပေးခြင်းဟာ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ပြဿနာအတွက် ယာယီပြေလည်နိုင်မယ်လို့ ယူဆနိုင်ပါတယ်။ ဒါပေမဲ့ ဒီပြဿနာအတွက် ယာယီပြေလည်ဖို့ ခေတ်အဆက်ဆက်ကတိုက်ခဲ့တဲ့ဆေးခါးကြီးဖြစ်နေလို့ ဘေးထွက်ဆိုးကျိုးများပြီး သွားနှင့်ခံတွင်းဆရာဝန်အချင်းချင်းခွဲခြားဆက်ဆံမှုတွေပေါ်ပေါက်လာနိုင်တာကြောင့် သွားနှင့်ခံတွင်းဆေးလောက စည်းလုံးညီညွတ်ရေးပျက်ပြားစေတာ၊ ဆုတ်ယုတ်စေတာကို သတိပြုရမှာဖြစ်ပါတယ်။ မဟာသိပ္ပံဘွဲ့တက်တဲ့အခွင့်အရေးအစား နိုင်ငံ့ဝန်ထမ်းဆရာဝန်များကို နိုင်ငံတော်စရိတ်ဖြင့် နေစရာအိမ်ရာ၊ နိုင်ငံခြားပညာတော်သင်အခွင့်အရေး၊ လူမှုစီးပွားဆိုင်ရာပံ့ပိုးမှုတွေနဲ့ နိုင်ငံတော်မှ လုပ်ငန်းအနွယ်ဆိုင်ရာ အာမခံထားပေးတဲ့အခွင့်အလမ်းတွေနဲ့သာ ဆွဲဆောင်သင့်ပါတယ်။ သို့မဟုတ်ပါက ပြင်ပဆရာဝန်များ၏ မဟာသိပ္ပံဘွဲ့ဆိုင်ရာအခွင့်အရေးကို ပိတ်ပင်ရာရောက်နိုင်ကြောင်း တင်ပြလိုပါတယ်။ နိဂုံးချုပ်ရရင် ပြင်ပသွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်များအား သက်ဆိုင်ရာဘာသာရပ်တစ်ခုချင်းစီအလိုက် အထူးပြုမဟာသိပ္ပံဘွဲ့လွန်ပညာများ ဆက်လက်သင်ကြားပေးရန် လိုအပ်နေပြီဖြစ်သည့်အတွက် ယခုကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြလေးစိန် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၏ကြွယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော သွားဘက်ဆိုင်ရာဆရာဝန်များအား သွားဘက်ဆိုင်ရာဆေးပညာမဟာဘွဲ့ဆက်လက်သင်ကြားခွင့်ပြုရန်ကိစ္စကို ၂၀၂၂ ပညာသင်နှစ်တွင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ၂၈-၁-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တက္ကသိုလ်ပါမောက္ခချုပ်များညှိနှိုင်းအစည်းအဝေး(၁/၂၀၂၀)တွင် အဆိုပါကိစ္စအားဆောင်ရွက်နိုင်ရန် ညှိနှိုင်းခဲ့ပါတယ်။ ညှိနှိုင်းချက်အရ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တို့တွင် ၂၀၂၂ ပညာသင်နှစ် MDSC General သင်တန်းများ ပြန်လည်ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များအား ၂၀၂၂ ပညာသင်နှစ်တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တို့၌ ဖွင့်လှစ်မည့် အဆိုပါ MDSC General သင်တန်းသို့ တက်ရောက်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ သင်တန်းတက်ရောက်ခွင့်ရရှိသူများ၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို နိုင်ငံ့ဝန်ထမ်းမဟုတ်သော သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်များအား တက်ရောက်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များအတွက် အထွေထွေ သွားရောဂါကုဆေးပညာ Diploma သင်တန်းအောင်မြင်ပြီး နှစ်နှစ်ပြည့်ပြီးသူများကိုသာ ဝင်ခွင့်ဖြေဆိုခွင့်ပြုသွားမှာဖြစ်ပါတယ်။ သင်တန်းကြေးအား ညှိနှိုင်းဆဲဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကျင်းပမည့် ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့အစည်းအဝေးတွင် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် သင်တန်းကြေးများအား အတည်ပြုကာ ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ဘွဲ့လွန်သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့်အခါတွင် ထည့်သွင်းခေါ်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့တည်ဆောက်ရာ၌ ဌာနဆိုင်ရာအဆောက်အဦများ နေရာချထားရာတွင် အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရေးအတွက် မြေဧရိယာ(၁၂၀ ပေ x ၁၂၀ ပေ)အား ခွဲဝေ၊ ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းဖြစ်ပြီး ဆားတောင်မြို့နဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊

မူကြမ်း

စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့ဟာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၃-၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၀/၂၀၁၇)ဖြင့် (၁၁)ရပ်ကွက်အား စုစည်း၍ ဆားတောင်မြို့အဖြစ် ဖွဲ့စည်းခဲ့ပါတယ်။ မြို့အင်္ဂါရပ်နဲ့အညီဖြစ်စေရေးအတွက် ဌာနဆိုင်ရာရုံးများဖြစ်သော အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆားတောင်မြို့နယ်နယ်မြေရဲစခန်း၊ ဆားတောင်မြို့လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဆားတောင်နယ်မြေမီးသတ်စခန်း၊ ဆားတောင်တိုက်နယ်ဆေးရုံ၊ ဆားတောင်ကျေးလက်ကျန်းမာရေးဌာနတို့ဖြင့် ဆားတောင်မြို့နေပြည်သူများအတွက် လူမှုစီးပွားကိစ္စများ လည်ပတ်ဆောင်ရွက်လျက်ရှိကာ ကျန်ဌာနဆိုင်ရာများ လိုအပ်လျက်ရှိနေပါသေးတယ်။ ယခုအခါ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုချထားငွေ ၉၉.၁ ကျပ်သန်းဖြင့် RC တစ်ထပ် (၁၂၀ x ၃၀ ပေ)ရုံး ဆောက်လုပ်လျက်ရှိရာ ပြီးစီးလောက်ပြီဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထပ်မံ၍ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းအိမ်ရာ (၂၅ ပေ x ၃၅ ပေ)အဆောက်အဦတစ်လုံးချထားခဲ့ကြောင်းလည်းသိရပါတယ်။

၎င်းအဆောက်အဦဆောက်လုပ်ရန် ရုံးအတွင်းရှိရေကန်ကို မြေဖို့တည်ဆောက်မယ်လို့လည်း သိရပါတယ်။ ၎င်းရေကန်ကို မြေဖို့ဆောက်လုပ်ရင် ခိုင်ခံ့မှုအားနည်းမှာဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့်ကပ်လျက်ရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနဟာ မြေအကျယ် (အလျား ၃၃၇ ပေ x အနံ ၂၅၀ ပေ)ရှိကြောင်း တိုင်းတာသိရှိရပါတယ်။ ကျေးလက်ကျန်းမာရေးဌာနတစ်ခုရဲ့ မြေအကျယ် စံကိုက်သတ်မှတ်ချက်မှာ ပေ ၁၀၀ ပတ်လည်ဖြစ်၍ မြေရေိယာများစွာ ပိုလျှံလျက်ရှိနေပါတယ်။ ကျေးလက်ကျန်းမာရေးဌာနထဲမှာ ဆေးကုသဆောင်(၁၀၀ x ၃၀ ပေ) တစ်ဆောင် (၂၅ x ၃၀ ပေ) ဝန်ထမ်းအိမ်ရာငါးဆောင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှုကြို့ကျောင်း (၃၀ x ၅၀ ပေ) ဝန်ထမ်းအိမ်ရာငါးဆောင် ဆောက်လုပ်ပြီးအသုံးပြုလျက်ရှိသည့်အတွက် အဆင်ပြေလျက်ရှိပါတယ်။ ကျန်းမာရေးဌာနခွဲဝင်းအတွင်းမှမြေကို အုပ်ချုပ်ရေးဝန်ထမ်းအိမ်ရာအတွက် အသုံးပြုလိုပါ၍ ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းကတော့ စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့တည်ဆောက်ရာတွင် ဌာနဆိုင်ရာအဆောက်အဦများ နေရာချထားတည်ဆောက်ခြင်း အဆင်ပြေကောင်းမွန်ရန်အတွက် ကျေးလက်ကျန်းမာရေးဌာနဝင်းအတွင်းရှိ မြေရေိယာ(၃၃၇ x ၁၂၀ ပေ) အတွင်းမှာကပ်လျက်ရှိတဲ့ ဆားတောင်မြို့ အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရေးအတွက် မြေရေိယာ(၁၂၀ x ၁၂ ပေ)ကို သက်ဆိုင်ရာမှ ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

မှုကြမ်း

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးခင်မောင်သိန်း၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၏ စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့တည်ရှိရာအရပ်၌ ရှိသော ဌာနဆိုင်ရာအဆောက်အဦများ နေရာချထားတည်ဆောက်ခြင်း အဆင်ပြေကောင်းမွန်ရန် အတွက် ကျေးလက်ကျန်းမာရေးဌာနဝင်းအား ခွဲဝေခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်း နှင့်ပတ်သက်၍ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဆားတောင်ကျေးလက်ကျန်းမာရေးဌာနသည် ဆားတောင်မြို့ ကွင်းအမှတ်(၅၇၀)၊ ကူကြီးတောကွင်းတွင်တည်ရှိပြီး စုစုပေါင်းဧက ၂.၀၅ ဧက ကျယ်ဝန်းပါတယ်။ ဆားတောင်ကျေးလက်ကျန်းမာရေးဌာနအောက်တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ ၁၀ ခုပါဝင်ဖွဲ့စည်းထားပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန် ဖြင့်ဆောင်ရွက်လျက်ရှိရာ ဆားတောင်ကျေးလက်ကျန်းမာရေးဌာနသည် လူဦးရေ ၅၀၃၉၁ ဦးနှင့် အိမ်ခြေ ၁၀၇၀၇ ခုအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ဆားတောင်မြို့တွင် ဆားတောင်တိုက်နယ်ဆေးရုံနှင့် ဆားတောင်ကျေးလက်ကျန်းမာရေးဌာနတို့ တည်ရှိပါတယ်။ ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ မိသားစုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ အာဟာရကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ကလေးကျန်းမာရေးဖွံ့ဖြိုးမှု လုပ်ငန်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကူးစက်တတ်သော ရောဂါများကာကွယ်တားဆီးရေးလုပ်ငန်း၊ မကူးစက်တတ်သောရောဂါများကာကွယ်တားဆီးရေး လုပ်ငန်း၊ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်း၊ လူဦးရေနှင့် ဖွားသေမှတ်ပုံတင်လုပ်ငန်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိတွင် လက်ထောက်ကျန်းမာရေးမှူးတစ်ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမတစ်ဦး၊ သားဖွားဆရာမနှစ်ဦး၊ ကျန်းမာရေးကြီးကြပ်နှစ်ဦး စသည်တို့ဖြင့် ဖွဲ့စည်းထားပြီး ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ အထွေထွေဆေးခန်းတွင် လူနာပေါင်း ၃၀၂၇ ဦး၊ ကွင်းဆင်းကုသပေးသော လူနာပေါင်း ၁၁၀၅ ဦးနှင့် အထက်အဆင့်သို့လွှဲပေးသော လူနာပေါင်း ၄၅ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ဆားတောင်ကျေးလက်ကျန်းမာရေးဌာန မြေဧရိယာတွင် ပင်မအဆောင်တစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာငါးဆောင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

မူကြမ်း

မူကြိုတစ်ဆောင် ဆောက်လုပ်ထားသော်လည်း စံကိုက်အဆောက်အဦများမဟုတ်သည့်အတွက် စံကိုက်ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားခြောက်ဦးအတွက် လုံလောက်မှုမရှိပါ။ စံကိုက်ကျန်းမာရေးဌာနအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် လိုအပ်မည်ဖြစ်ပါသဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ယခု ကျေးလက်ကျန်းမာရေးဌာန၏ ခြံစည်းရိုးကာရန်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ယခုတောင်းဆိုသည့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် မြေဧရိယာ(၁၂၀ x ၁၂၀ ပေ)အား ခွဲဝေပေးရမည်ဆိုပါက စံကိုက်အဆောက်အဦများဆောက်လုပ်ရာတွင်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများနေထိုင်ရန်အတွက်လည်းကောင်း အခက်အခဲရှိလာမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားတောင်ကျေးလက်ကျန်းမာရေးဌာန၏ မြေဧရိယာအားခွဲဝေပေးနိုင်ရန် ခက်ခဲလျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပုဏ္ဏားကျွန်းမြို့နယ်၊ သဲတက်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ သဲတက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သဲတက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို ၁၉၅၈ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အခုဆိုလို့ရှိရင် နှစ်ပေါင်း ၆၂ နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီကျန်းမာရေးဌာနဟာ ပုဏ္ဏားကျွန်းမြို့နယ်ဆေးရုံမှ ၂၅ မိုင်ခန့်ကွာဝေးပြီး ကုန်းလမ်း၊ ရေလမ်းများနှင့် တစ်နာရီခွဲခန့် သွားလာရပါတယ်။ ရိုးတရုတ်တိုက်နယ်ဆေးရုံနဲ့ ခုနစ်မိုင်သာကွာဝေးပေမဲ့ သဲတက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနရှိ ကျေးရွာအများစုဟာ အတ္ထရံမြစ်နဲ့ ယောချောင်းမြစ်များ ဝန်းရံတားဆီးထားမှုကြောင့် အနီးဆုံးတိုက်နယ်ဆေးရုံကို မိုးရာသီမှာ သွားလာရအလွန်ခက်ခဲပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သဲတက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှာ ကျေးရွာအုပ်စု ၁၆ အုပ်စုနဲ့ ကျေးရွာပေါင်း ၂၃ ရွာ၊ အိမ်ခြေပေါင်း ၃၇၇၃ အိမ်ခန့်ရှိပြီးတော့ လူဦးရေက ၂၀၈၇၄ ဦးရှိပါတယ်။ သဲတက်ကျေးရွာမှာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစခန်းရှိပါတယ်။ ဒါ့အပြင် ကျောက်တော်မြို့နယ်၊ ရောင်စုံကျန်းမာရေးဌာနခွဲမှ ကျေးရွာငါးရွာ၊ အိမ်ခြေ ၆၆၂ ဆောင်၊ လူဦးရေ ၃၈၄၈ ဦးနဲ့ မြောက်ဦးမြို့နယ်၊

ဘာညိုကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျေးရွာငါးရွာ၊ အိမ်ခြေ ၉၄၅ ဆောင်၊ လူဦးရေ ၄၄၇၃ ဦး စုစုပေါင်းလူဦးရေ ၂၉၁၉၅ ဦးခန့်ကိုလည်း သဲတက်တိုက်နယ်ဆေးရုံဖြစ်လာမယ်ဆိုရင် ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံတိုးမြှင့်ခွင့်ရလာခဲ့ရင် အဆောက်အဦများဆောက်လုပ်ရန်အတွက် မြေလေးကေကိုလည်း မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆) ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။ ဒါကတော့ သဲတက်ကျေးလက်ကျန်းမာရေးဌာန အညွှန်းပြမြေပုံဖြစ်ပါတယ်။ ကုလားတန်မြစ်ရဲ့ အနောက်ဘက် ကမ်းမှာ ရေစီးတဲ့ကျေးရွာရှိပါတယ်။ အစိမ်းရောင်မီးနဲ့ပြထားတာက သဲတက်ကျေးရွာ ဖြစ်ပါတယ်။ အဲဒီကျေးလက်ကျန်းမာရေးဌာနခွဲဟာ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်နဲ့ ရိုးတရုတ် တိုက်နယ်ဆေးရုံကြားမှာ ရှိနေပါတယ်။ ဒီပုဏ္ဏားကျွန်းမြို့နယ်ရဲ့ အစွန်အဖျားဖြစ်ပါတယ်။ ဒါကတော့ တိုက်နယ်ဆေးရုံဆောက်လုပ်မယ့် မြေနေရာဖြစ်ပါတယ်။ ဒါကတော့ သဲတက်ကျေးရွာ ကျန်းမာရေးဌာနအတွင်းမှာရှိတဲ့ ကျေးရွာများဖြစ်ပါတယ်။ ဒါကတော့ ကျောက်တော်မြို့နယ်မှ သဲတက်ကျန်းမာရေးဌာနနဲ့နီးစပ်တဲ့ ကျေးရွာတွေဖြစ်ပါတယ်။ ဒါကလည်း မြောက်ဦးမြို့နယ်မှ သဲတက်ကျေးလက်ကျန်းမာရေးဌာနနဲ့ နီးစပ်တဲ့ကျေးရွာတွေ ဖြစ်ပါတယ်။ ဒီနေရာတွေက ပြည်သူ တွေဟာ ဒီသဲတက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံခွင့်ပြုပေးမယ်ဆိုလို့ရှိရင် ပြည်သူတွေ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်။ ဒါကတော့ ပုဏ္ဏားကျွန်းမြို့နယ် သဲတက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကဝန်ထမ်းတွေနဲ့ ကျန်းမာရေးဌာနပုံဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုက်နယ်ဆေးရုံ အဆင့်မြှင့်တင်ခွင့်ရရှိရေးအတွက် ပြည်သူတွေဘက်က တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်ထားတာ တွေ့ရပါတယ်။ ဒါကြောင့် သဲတက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုဆောင်ရွက်ပေးမှာလဲ။ မရှိပါက ဘာကြောင့်လဲဆိုတာ သိရှိလိုတဲ့အတွက် မဲဆန္ဒရှင်ပြည်သူများရဲ့ တောင်းဆိုချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားနဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ ရှင်။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင်၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ သဲတက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ သဲတက်ကျေးလက်ကျန်းမာရေးဌာန

အောက်တွင် ငပြောက်ဆည်၊ ပင်လျားရှည်၊ ကြိမ်ချောင်း၊ မြက်သောက် ကျေးလက်ကျန်းမာရေး ဌာနခွဲ လေးခုရှိပါတယ်။ သဲတက်ကျေးလက်ကျန်းမာရေးဌာနပိုင်နယ်မြေတွင် အိမ်ခြေ ၃၉၃၇ အိမ်၊ လူဦးရေ ၁၉၆၅၇ ဦး ရှိပါတယ်။ သဲတက်ကျေးလက်ကျန်းမာရေးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် ၂၀၁၉ ခုနှစ်မှာ အထွေထွေဆေးခန်းလာသောလူနာပေါင်း ၉၁၆၉ ဦး၊ အထက်အဆင့်သို့ လွှဲပြောင်းသောလူနာပေါင်း ၅၈ ဦး တဖြည်းဖြည်းတိုးတက်လာတာကိုလည်း တွေ့ရှိရပါတယ်။ သဲတက်ကျေးလက်ကျန်းမာရေးဌာနသည် ပုဏ္ဏားကျွန်းမြို့နယ်ဆေးရုံနှင့် ၂၅ မိုင်ခန့် ကုန်းလမ်းကားဖြင့် တစ်နာရီမိနစ်သုံးဆယ်၊ ရိုးတရုတ်တိုက်နယ်ဆေးရုံနှင့် ခုနစ်မိုင် ရေလမ်း စက်လှေဖြင့် တစ်နာရီ သွားလာရပါတယ်။ သဲတက်ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ကျေးရွာအများစုမှာ ရိုးတရုတ်တိုက်နယ်ဆေးရုံနှင့် ကပ်လျက်ရှိပါတယ်။ ထို့ကြောင့် ရိုးတရုတ်တိုက်နယ်ဆေးရုံမှ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးလျက်ရှိပါတယ်။ တိုက်နယ်ဆေးရုံအဆောက်အဦ ဆောက်လုပ်ရန် ပုံစံ(၁၀၅)ရရှိရန် ကြိုးစားလျက်ရှိကြောင်း သိရှိရပါတယ်။ ပုဏ္ဏားကျွန်းမြို့နယ်တွင် လူဦးရေ ၁၅၁၈၃၆ ဦး နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ၂၅ ခုတင်ဆံ့ ပုဏ္ဏားကျွန်းမြို့နယ်ဆေးရုံတစ်ရုံ၊ ရိုးတရုတ်တိုက်နယ်ဆေးရုံ၊ အလယ်ချောင်းတိုက်နယ်ဆေးရုံနှင့် ပိုးရွှေပြင်တိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံလေးရုံ၊ တိုက်နယ်ကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၆ ခု ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သဲတက်ကျေးလက်ကျန်းမာရေးဌာနပိုင်မြေ နယ်မြေတစ်ခုလုံးတွင် လူဦးရေ ၁၉၆၅၇ ဦးသာရှိပြီး တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၉ မူနှင့် ကိုက်ညီမှု မရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးအနေအထားအရ ရေလမ်းကိုသာ အားကိုးရခြင်း၊ ရိုးတရုတ် တိုက်နယ်ဆေးရုံသို့ ရေလမ်းဖြင့် ၄၅ မိနစ်နှင့် ကုန်းလမ်းဖြင့် ၁၀ မိနစ် စုစုပေါင်း တစ်နာရီနီးပါး အများဆုံးကြာချိန် တစ်နာရီသုံးဆယ်မိနစ် လူနာသယ်ယူရခြင်း၊ မိုးရာသီအချိန်တွင် သွားလာရန်ခက်ခဲခြင်းတို့ကြောင့် တိုက်နယ်ဆေးရုံဖွင့်လှစ်ပေးရန်အတွက် စဉ်းစားပေးလျက်ရှိပါ တယ်။ မြေစာရင်းပုံစံ(၁၀၅)၊ (၁၀၆)ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမည်ပေါက်ဖြင့် ရရှိရန် ဆောင်ရွက်ဆဲကာလဖြစ်ကြောင်း သိရှိရသည့်အတွက် ရရှိပါက တိုက်နယ်ဆေးရုံဖွင့်လှစ် နိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင် ပါပြီ။

**မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ပန်ဝိုင်ကျေးရွာအုပ်စု၊ ဝမ်ကောင်း(ထက်)လားဟူရွာ၊ ကျေးရွာအမက အဆောက်အဦဟောင်းအား ဖျက်သိမ်း၍ အဆောက်အဦအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည် တော်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခအပေါင်းနှင့် ပြည့်စုံခညောင်းပါစေကြောင်း ပဏာမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြည်သူများရဲ့လိုလားတောင့်တချက်နဲ့ အနာဂတ်ရင်သွေးငယ်ကလေးများ စံချိန်ပြည့်မီတဲ့ အဆောက်အဦတစ်ခုအတွင်း ပညာသင်ကြားနိုင်ရေးကိစ္စနှင့်စပ်လျဉ်းပြီးတော့မှ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကနေတစ်ဆင့် မေးခွန်းမေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ပန်ဝိုင်ကျေးရွာ အုပ်စုမှာ ဝမ်ကောင်း(၁)ဆိုတဲ့ လားဟူတိုင်းရင်းသားလူမျိုးများ အများဆုံးနေထိုင်တဲ့ ကျေးရွာ တစ်ရွာရှိပါတယ်။ အဲဒီကျေးရွာမှာ အိမ်ခြေ ၃၈ အိမ်၊ အိမ်ထောင်စု ၄၀ စုရှိပြီးတော့မှ များသော အားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ သစ်ဥသစ်ဖုနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်း၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်မွေးမြူခြင်းလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုခြင်းမှ အေးချမ်းတည်ငြိမ်စွာ နေကြတဲ့တိုင်းရင်းသားကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ မြစိမ်းရောင်စီမံကိန်း တစ်ခုရှိတဲ့အပြင် ဘာသာအရေးအဆောက်အဦးတစ်ခု၊ အခြေခံပညာမူလတန်းကျောင်းခွဲတစ်ကျောင်း ရှိတဲ့ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ပညာရေးကို လိုလားပြီးတော့မှ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် အဲဒီရွာမှာရှိတဲ့ ကျောင်းသူကျောင်းသားများအားလုံး ပညာသင်ကြားခဲ့တဲ့ အတွက် နိုင်ငံတော်အစိုးရကနေပြီးတော့မှ အဲဒီကျောင်းကို ကိုယ်ထူကိုယ်ထအခြေခံပညာမူလတန်း ကျောင်းမှ အခြေခံပညာမူလတန်းကျောင်းခွဲအထိ အဆင့်မြှင့်ပြီးတော့မှ ကျောင်းဖွင့်လှစ်ခွင့်ရရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီကျေးရွာမှာ စံချိန်ပြည့်မီအောင် ကျောင်းအဆောက်အဦတွေ အမိုးတွေ၊ အကာတွေ ပြည့်စုံလုံလောက်အောင် မရှိပါဘူး။ ဆရာမနှစ်ဦးနှင့် ကျောင်းသူကျောင်းသား ၃၆ ဦးအတွက် ပညာသင်ကြားသင်ယူရေးကိစ္စမှာ များစွာသောအဟန့်အတား အခက်အခဲတွေ ဖြစ်ပေါ်တာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။

ဒါကတော့ ကျွန်တော်တို့အခြေခံမူလတန်းကျောင်းခွဲ ဝမ်ကောင်းကျေးရွာရဲ့ ကျောင်းအဝင် ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါကတော့ ဝမ်ကောင်းကျေးရွာရဲ့ အ.မ.က(ခွဲ)ဖြစ်ပါတယ်။ အမိုးကို

သွပ်နှင့်ဝါးကပ်မိုးပြီးတော့မှ အကာကို ဝါးကပ်နှင့်ကာတဲ့ကျောင်းဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ လက်ရှိပညာသင်ကြားနေတဲ့ ကျောင်းသူကျောင်းသားများရဲ့ မှတ်တမ်းပုံဖြစ်ပါတယ်။ ပညာရေး အတွက် ဖွံ့ဖြိုးမှုလုပ်ငန်းလုပ်တဲ့အခါမှာ ကျောင်းသူကျောင်းသားများက ဝါးကပ်ခင်းပေါ်မှာ ထိုင်ပြီး တော့မှ တေးသီးချင်းတွေ၊ ဖွံ့ဖြိုးမှုသီးချင်းတွေကို သီဆိုတဲ့မှတ်တမ်းပုံဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ မြေသားအခင်းပေါ်မှာ ကျန်းမာရေးမပြည့်မစုံတဲ့ ဖုန်တွေ၊ သဲတွေထပြီးတော့မှ စံချိန်ပြည့်မီခြင်းမရှိတဲ့ ပရိဘောဂပေါ်မှာထိုင်ပြီး ပညာသင်ကြားရတဲ့အခြေအနေမျိုး ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ပန်ဝိုင်ကျေးရွာအုပ်စုမှာရှိတဲ့ ဝမ်ကောင်းကျေးရွာ အခြေခံ ပညာမူလတန်းကျောင်းခွဲကို လာမည့်ဘဏ္ဍာရေးနှစ်များမှာ စံချိန်ပြည့်မီပြီးတော့မှ အမိုး၊ အကာ လုံခြုံတဲ့ စာသင်ကျောင်းအဆောက်အဦတစ်ခုဖြစ်မြောက်အောင် လုပ်ဆောင်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် မေးခွန်းမေးမြန်း တင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန အနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေခွဲဝေပေးမှုတွင် မိုင်းပျဉ်းမြို့နယ်အတွင်းမှ လွှတ်တော်ကတိအရဆောင်ရွက်ပေးရမည့် ကျောင်းတစ်ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင် ဖျက်သိမ်း၍ အသစ်ဆောက်ပေးရန်ကျောင်းတစ်ဆောင်၊ ကျောင်းသားဦးရေအရ တိုးချဲ့အသစ် ဆောက်လုပ်ရန်တစ်ကျောင်း၊ သိပ္ပံဆောင်ဆောက်လုပ်ရန်တစ်ကျောင်း၊ ဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ်ရန်တစ်ကျောင်း စုစုပေါင်းငါးကျောင်းအတွက် ငွေကျပ် ၄၃၃.၂၀၀ သန်းခွဲဝေပေးခဲ့ပြီး ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ပန်ဝိုင်ကျေးရွာအုပ်စုမှ ပညာရေးဝန်ကြီးဌာနရဲ့ အမည် စာရင်းအမှန်ဖြစ်သော ဝမ်ကောင်း(၁)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲဖြစ်ပြီး ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ အခြေခံပညာမူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးထားတဲ့ ကျောင်းဖြစ်ပါတယ်။ အဆိုပါကျောင်းဟာ(၂၀ x ၁၆ ပေ) သွပ်မိုး၊ ထရံကာ၊ မြေစိုက်တစ်ထပ်

ဥပမိရုပ်မကောင်းသော ကျောင်းဆောင်တစ်ဆောင်ရှိပါတယ်။ ကျောင်းသားကျောင်းသူဦးရေကတော့ စုစုပေါင်း၂၇ ဦးရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းဆောင်ရဲ့ဓာတ်ပုံကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး Power Point ဖြင့် တင်ပြသွားတဲ့အတိုင်း ဖြစ်ပါတယ်။ ကျောင်းဆောင် ဥပမိရုပ်မကောင်းတဲ့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ အထူးစိတ်မကောင်းပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ပန်ဝိုင်ကျေးရွာအုပ်စု၊ ဝမ်ကောင်း(၁)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာရှိတဲ့ ဥပမိရုပ်မကောင်းသော ကျောင်းဆောင်ကိုဖျက်သိမ်းပြီးတော့ (၆၀ x ၃၀ ပေ) တစ်ထပ်ဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ရဲ့ ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေခေါင်းစဉ်အောက်မှာ မြို့နယ်ဦးစားပေးအစီအစဉ်အရ ထည့်သွင်းပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ကော့သောင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် လစ်လပ်လျက်ရှိသော ဆရာဆရာမများကို ဖြည့်စွက်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ကော့သောင်းမဲဆန္ဒနယ်)**။ ။ လေးစာအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်ကြယ်ပွင့်ပြမေးခွန်းကတော့ ကော့သောင်းမြို့နယ်မှာရှိတဲ့ကျောင်းများမှာ လစ်လပ်လျက်ရှိတဲ့ ဆရာဆရာမများကို မည်သည့်ကာလမှာ ဖြည့်စွက်ခန့်ထားမယ်ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော့သောင်းမြို့ဟာ မြန်မာနိုင်ငံရဲ့တောင်ဘက်ပိုင်းမှာရှိတဲ့ ထိုင်း-မြန်မာနယ်စပ်မြို့တစ်မြို့ဖြစ်ပါတယ်။ မြို့ပေါ်ရပ်ကွက် (၁၀) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာငယ် ၇၅ ရွာဖြင့် ဖွဲ့စည်းထားတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ ခမောက်ကြီးဆိုတဲ့ မြို့နယ်ခွဲတစ်ခုလည်း ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ကျောင်းဦးရေစာရင်းအရ အခြေခံပညာအထက်တန်းကျောင်းကိုးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲငါးကျောင်း၊ နောက်အခြေခံပညာအလယ်တန်းကျောင်းသုံးကျောင်း၊ နောက်အခြေခံပညာအလယ်တန်းကျောင်းခွဲ ၁၈ ကျောင်း၊ နောက်အခြေခံမူလွန်ကျောင်း ၂၅ ကျောင်း၊ အခြေခံမူလတန်းကျောင်း ၃၅ ကျောင်း၊ နောက်အခြေခံမူလတန်းကျောင်းခွဲလေးကျောင်း စုစုပေါင်းကျောင်းပေါင်း ၉၉ ကျောင်းရှိပါတယ်။ နောက်တစ်ခါ ၃၁-၇-၂၀၁၉ ရက်နေ့ အခြေခံပညာဆရာအင်အားစာရင်းအရဆိုရင် မူလတန်း

ကျောင်းအုပ်ခွင့်ပြုတဲ့ဦးရေက ၇၇ ဦး ဖြစ်ပါတယ်။ ခန့်ထားတဲ့ဦးရေက ၄၇ ဦးဖြစ်တဲ့အတွက် လစ်လပ်တဲ့ဆရာဦးရေက ၃၀ ဦးဖြစ်ပါတယ်။ နောက်တစ်ခါ အထက်တန်းပြဆရာခွင့်ပြုတဲ့ဦးရေက ၁၄၅ ဦး၊ ခန့်ထားတဲ့ဦးရေက ၉၄ ဦးဖြစ်တဲ့အတွက် လစ်လပ်တဲ့ဆရာဦးရေက ၅၁ ဦး ဖြစ်ပါတယ်။ နောက်တစ်ခါ အထက်တန်းပြဆရာ၊ ကာယဆရာခွင့်ပြုထားက ကိုးဦးရှိပြီးတော့ လစ်လပ်တဲ့ဦးရေက ကိုးဦးဖြစ်ပါတယ်။ နောက်တစ်ခါ အလယ်တန်းပြဆရာ ခွင့်ပြုတဲ့ဦးရေက ၃၅၁ ဦးဖြစ်ပြီးတော့ ခန့်ထားတဲ့ဦးရေက ၃၂၄ ဦးဖြစ်တဲ့အတွက် လစ်လပ်တဲ့ဦးရေဟာ ၂၇ ဦးဖြစ်ပါတယ်။ နောက်တစ်ခါ အလယ်တန်းပြ ကာယနည်းပြဆရာခွင့်ပြုတဲ့ဦးရေကရှစ်ဦး ရှိပါတယ်။ ခန့်ထားတာ တစ်ဦးဖြစ်တဲ့အတွက် လစ်လပ်တဲ့ဦးရေဟာ ခုနစ်ဦးရှိပါတယ်။ နောက်တစ်ခါ အလယ်တန်းပြ မူလတန်းတာဝန်ခွင့်ပြုတဲ့ဦးရေက(၁၄၈)ဦးဖြစ်ပြီးတော့ ခန့်ထားတာက ၁၃၄ ဦးဖြစ်တဲ့အတွက် လစ်လပ်တဲ့ဦးရေက ၁၄ ဦး ဖြစ်ပါတယ်။ နောက်တစ်ခါ မူလတန်းပြခွင့်ပြုတဲ့ဆရာက ၅၆၈ ဦးဖြစ်ပြီးတော့ ခန့်ထားတာ ၄၂၉ ဦးဖြစ်တဲ့အတွက် လစ်လပ်တဲ့ဦးရေက ၁၃၉ ဦးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသားနဲ့ ဆရာအချိုးဟာ မူလတန်းဆိုရင် ၁း၂၉ ဖြစ်ပြီးတော့ အလယ်တန်းက ၁း၂၉ ဖြစ်ပါတယ်။ နောက်အထက်တန်းကတော့ ၁း၂၆ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ကော့သောင်းမြို့နယ်မှာ ကျန်းမာသန်စွမ်းတဲ့ကျောင်းသားများပေါ်ပေါက်ရေးအတွက် လစ်လပ်လျက်ရှိတဲ့ ကာယဆရာ၊ မူလတန်းပြဆရာ၊ အလယ်တန်းပြဆရာနှင့် အထက်တန်းပြဆရာများကို မည်သည့်ကာလမှာ ဖြည့်စွက်ခန့်ထားမည်ကို သိလိုတဲ့အတွက် ဤမေးခွန်းကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကော့သောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်မှာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်စာရင်းအရ အခြေခံပညာမူလတန်းကျောင်း ၂၅ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲ လေးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၃၅ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ၁၈ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ငါးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း

ကိုးကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၉၉ ကျောင်းရှိပါတယ်ခင်ဗျား။ ကော့သောင်းမြို့နယ် အတွင်းမှာရှိတဲ့ ကျောင်းသားဆရာအချိုးကတော့ မူလတန်းအဆင့်မှာ ဆရာကျောင်းသားအချိုး ၁း၂၆၊ အလယ်တန်းအဆင့်တွင် ဆရာကျောင်းသားအချိုး ၁း၂၅၊ အထက်တန်းအဆင့်မှာ ဆရာ ကျောင်းသားအချိုး ၁း၂၀ ရှိကြောင်း တင်ပြအပ်ပါတယ်။ မူလတန်းကျောင်းများမှာတော့ ကျွန်တော် တို့ကျောင်းသားဆရာအချိုးတွက်တဲ့အခါမှာတော့ မူလတန်းကျောင်းအုပ်တွေပါ ထည့်တွက်မယ် ဆိုရင်တော့ ၁း၂၄ ရှိပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန အနေနဲ့ ကော့သောင်းမြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ လစ်လပ်လျက်ရှိတဲ့ ဆရာဆရာမတွေကို ဖြည့်စွက်ခန့်ထားပေးနိုင်ဖို့အတွက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၉ ရက် ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၂-က)/၀၃၅၇/တိုး/ပြောင်း(၂၀၂၀)ဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပညာရေး မှူးရုံးများသို့ အပြောင်းအရွှေ့လျှောက်လွှာများခေါ်ယူရန် ပေးပို့ထားပြီးဖြစ်သည်နှင့်အညီ သက်ဆိုင် ရာ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများမှလည်း လျှောက်လွှာများကို စိစစ်ဆောင်ရွက် လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ယခု ၂၀၂၀ ပြည့်နှစ် မေလမှာ ကော့သောင်းမြို့နယ်အတွင်းမှာရှိတဲ့ ဝေးလံတဲ့ဒေသတွေမှာ ဒေသခံဆရာဆရာမများ၊ မူလတန်းပြဆရာဆရာမများ၊ အလယ်တန်းပြ ဆရာဆရာမများ၊ အထက်တန်းပြဆရာဆရာမများ ဖြည့်ဆည်းခန့်ထားပေးနိုင်ရေးအတွက် အခြေခံပညာဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**၂၀၁၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ နိုင်ငံပိုင်ကြေးမုံသတင်းစာပါ အလုပ်ခေါ်စာအရ မူလတန်း စာပေးစာယူသင်တန်းတက်ရောက်မည့် အရည်အချင်းစစ်စာမေးပွဲ ယှဉ်ပြိုင်ဖြေဆိုအောင်မြင် ခဲ့ပြီးသော အထွေထွေလုပ်သားများကို သတင်းစာပါ အလုပ်ခေါ်စာကတိကဝတ်အတိုင်း မူလတန်း စာပေးစာယူသင်တန်းခေါ်ယူရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အခြေခံပညာဦးစီးဌာနရဲ့ဘွဲ့ရအထွေထွေလုပ်သားများရဲ့ရာထူးတိုးကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက် ထားရှိမှုအပေါ် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင် အထွေထွေ လုပ်သား(အမျိုးသား)များကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ နိုင်ငံပိုင်ကြေးမုံသတင်းစာတွင် ကြော်ငြာ၍ အလုပ်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နေ့စားအထွေထွေ လုပ်သားများအဖြစ် ခန့်အပ်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် အမြဲတမ်းဝန်ထမ်း

အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်ပါတယ်။ ယခု ၂၀၁၉ ခုနှစ် နိုဝင်ဘာလအထိဆိုလျှင် နေ့စားလုပ်သား အပါအဝင် ပညာရေးဌာနတွင် ခြောက်နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်အနေနဲ့ ပညာရေးဌာနကို စတင်ဝင်ရောက်ခဲ့သော အထွေထွေလုပ်သားများဟာ ခြောက်နှစ်ကာလအတွင်း တက္ကသိုလ်အသီးသီးက ဘွဲ့ရရှိခဲ့ပြီး ယခုအချိန်မှာ ဘွဲ့ရအထွေထွေလုပ်သားများ ဖြစ်နေကြပါတယ်။ ဘွဲ့ရအထွေထွေလုပ်သားများဟာ တာဝန်ထမ်းဆောင်စဉ်ကာလတစ်လျှောက်လုံးမှာ သင်ကြားရေးကိုသာ တစ်စိုက်မတ်မတ်တာဝန်ထမ်းဆောင်ခဲ့ပြီး ပညာရေးဌာနမှာ လက်ရှိအကောင်အထည်ဖော်လျက်ရှိသော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းစနစ် ပညာရေး၏ KG၊ Grade–1၊ Grade–2၊ Grade–3 သင်တန်းပေါင်းစုံကို တက်ရောက်ထားပြီးဖြစ်ပါတယ်။ ဘွဲ့ရအထွေထွေလုပ်သားများဟာ ၎င်းတို့ကိုအလုပ်ခေါ်စဉ်က ခန့်ထားခံရသူများအား မူလတန်းစာပေးစာယူသင်တန်းတက်ရောက်ရမည်ဟု အလုပ်ခေါ်စာတွင်ပါရှိသော်လည်း တက်ရာက်ခွင့်မရကြသေးပါဘူး။ အထွေထွေလုပ်သားရာထူးမှ ရာထူးတိုးရယူလိုပါက စာရေး(၁)ရာထူးသို့သာလျှောက်ခွင့်ရှိပြီး မူလတန်းပြဖြစ်လိုပါက ပြင်ပဘွဲ့ရများနည်းတူ PPTT ဖြေဆိုရမည်ဟု သိရပါတယ်။ ၎င်း အထွေထွေလုပ်သားများဟာ အလုပ်လျှောက်စဉ်ကတည်းက စာရေး(၁)ရာထူးနှင့် အထွေထွေလုပ်သားရာထူးနှစ်မျိုးစလုံးကို လျှောက်ခွင့်ရှိသော်လည်း သင်ကြားရေးကိုသာ ဝါသနာပါသည့်အလျောက် မူလတန်းစာပေးစာယူသင်တန်းတက်ရောက်ရမည်ဟုပါရှိသည့် အထွေထွေလုပ်သားရာထူးကိုသာ လျှောက်ထားခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့် ဖော်ပြခွင့်ပြုပါ။ မူလတန်းစာပေးစာယူသင်တန်း တက်ရောက်ရမည့်အလုပ်ခေါ်စာအတိုင်း အလုပ်ဝင်ရောက်ခဲ့ပြီး သင်ကြားရေးကိုသာစိတ်ဝင်စားသူ အထွေထွေလုပ်သားများကို သင်ကြားရေးနှင့်မသက်ဆိုင်သော စာရေး(၁)ရာထူးသို့သာ တိုးမြှင့်ပေးနေခြင်းဟာ လူမှန်၊ နေရာမှန်မဟုတ်ဘဲ ရာထူးခွဲဝေမှုလွဲချော်နေတာကို တွေ့ရပါတယ်။ အလုပ်ခေါ်စဉ်ကတည်းက စာရေး(၁)ရာထူးသို့ လျှောက်ထားခွင့်ရှိသော်လည်း မလျှောက်ထားဘဲ အထွေထွေလုပ်သားရာထူးသို့သာ လျှောက်ထားခဲ့သည့် အကြောင်းရင်းမှာ အလုပ်ခေါ်စာတွင်ပါဝင်သော ခန့်ထားခံရသူများက မူလတန်းစာပေးစာယူသင်တန်းတက်ရောက်ရမည်ဟူသော တိကျသောသတ်မှတ်ချက်ကြောင့်သာဖြစ်ကြောင်း အလုပ်ခေါ်စာကိုကြည့်လျှင်သိနိုင်ပါတယ်။ အလုပ်ခေါ်စဉ်က အမျိုးသားများသာ သီးသန့်ခေါ်ယူခဲ့ခြင်း ဖြစ်ပါတယ်။ လက်ရှိပညာရေးဌာနမှာ အမျိုးသားဆရာဦးရေဟာ အင်မတန်နည်းပါးမှုရှိတယ်ဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် အမျိုးသားတွေ ဆရာလုပ်ဆောင်ကြဖို့ တစ်စိုက်မတ်မတ်တိုက်တွန်းနေတာကို တွေ့ရှိရပါတယ်။ ပညာရေးဌာနရဲ့ အမျိုးသားဆရာလိုအပ်ချက်ကိုဖြည့်ဆည်းဖို့ရန် ရည်ရွယ်၍ ခေါ်ခဲ့တာလို့လည်း နားလည်ပါတယ်။ ဘွဲ့ရအထွေထွေလုပ်သားများ

အမျိုးသားများကို အလုပ်ခေါ်စာအတိုင်း မူလတန်းစာပေးစာယူသင်တန်းတက်ရောက်ခွင့်ပြုပြီး မူလတန်းပြအဖြစ် ခန့်ထားပေးခြင်းဖြင့် ပညာရေးဌာန၏ ဆရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ ပညာရေးဌာနမှာ သင်ကြားရေးဆရာများ နှစ်စဉ်လိုအပ်လျက်ရှိပြီး ပညာရေးဌာန၏ ဆရာ လိုအပ်ချက်ကို ဖြည့်ဆည်းရာမှာ အရည်အသွေးပြည့်ဝတဲ့ဆရာများ ပေါ်ထွန်းလာစေရေးဟာ အလွန်အရေးကြီးတဲ့အခန်းကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်နေတာလည်း ဖြစ်ပါတယ်။ အရည်အသွေး ပြည့်ဆရာ ပေါ်ထွန်းလာစေရေးအတွက် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများကို ယှဉ်ပြိုင်ဖြေဆိုစေပြီး အောင်မြင်သူများကိုသာ ခန့်ထားခြင်း ဖြစ်ပါတယ်။ ဘွဲ့ရအထွေထွေလုပ်သားများဟာ အင်္ဂလိပ်၊ သင်္ချာ၊ အထွေထွေဗဟုသုတ ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများကို ယှဉ်ပြိုင်ဖြေဆိုအောင်မြင်ပါက မူလတန်းစာပေးစာယူသင်တန်းတက်ရောက်ရမည်ဟု ကြေးမုံသတင်းစာတွင်ပါရှိသော်လည်း ယနေ့ အထိ တက်ရောက်ခွင့်မရကြသေးပဲဖြစ်နေကြပါတယ်။ ထိုသို့အရည်အချင်းစစ်စာမေးပွဲ အောင်မြင် ထားသော ဘွဲ့ရအထွေထွေလုပ်သားများကို ပြင်ပဘွဲ့ရများနည်းတူ PPTT ယှဉ်ပြိုင်ဖြေဆိုခိုင်း နေခြင်းဟာ အရည်အချင်းစစ်စာမေးပွဲနှစ်ကြိမ်ဖြေဆိုခိုင်းသလို ဖြစ်နေပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးခွန်းမေးမြန်းလိုတာကတော့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့၌ နိုင်ငံပိုင်ကြေးမုံသတင်းစာပါ အလုပ်ခေါ်စာအရ မူလတန်းစာပေး စာယူသင်တန်းတက်ရောက်မည့် အရည်အချင်းစစ်စာမေးပွဲ အင်္ဂလိပ်၊ သင်္ချာ၊ အထွေထွေဗဟုသုတ တစ်နာရီမေးခွန်း ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများကို ယှဉ်ပြိုင်ဖြေဆိုအောင်မြင်ခဲ့ပြီးသော အထွေထွေ လုပ်သားများကို အလုပ်ခေါ်စာပါသတ်မှတ်ချက်အတိုင်း မူလတန်းစာပေးစာယူသင်တန်းခေါ်ယူရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ သရက်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်ရဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ ထိုခေတ်ကာလရဲ့အခြေအနေအရ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ ကြေးမုံသတင်းစာပါ နေ့စားလပေးအထွေထွေလုပ်သားခန့်ထားရန် ခေါ်ယူခဲ့သော အလုပ်ခေါ်စာအရ ၎င်းရာထူးနေရာ ရရှိသူများသည် မူလတန်းဆရာအတတ်စာပေးစာယူသင်တန်းသို့

တက်ရောက်ရမည်ဖြစ်သော်လည်း သတ်မှတ်ကာလပြည့်သည့်အခါ အမြဲတမ်းဝန်ထမ်း(အထွေထွေလုပ်သား-စီမံခန့်ခွဲရေးရာထူးဖြစ်ပါတယ်။) အဖြစ် ခန့်ထားခဲ့ပြီး သင်တန်းတက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများကိုသာ ထိုစဉ်က မူလတန်းဆရာအတတ်စာပေးစာယူသင်တန်းသို့ တက်ရောက်စေခဲ့ပါတယ်ခင်ဗျား။ ထို့အပြင် သင်ကြားရေးဆရာဆရာမများဖြစ်သော ဘွဲ့ရနေ့စားလပေး မူလတန်းပြဆရာဆရာမများကိုလည်း မူလတန်းဆရာအတတ်စာပေးစာယူသင်တန်းတက်ရောက်ရန် အဆင့်မြင့်ပညာဦးစီးဌာနမှ ခေါ်ယူခဲ့ပါတယ်ခင်ဗျား။ ယခုအခါတွင် အခြေခံပညာဦးစီးဌာနအနေနဲ့ စီမံခန့်ခွဲရေးရာထူးဖြစ်သော အထွေထွေလုပ်သားများအား ဘွဲ့ရပြီးပါက လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာ သင်တန်း(PPTT)တက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ပြုခဲ့ပြီး ဝင်ခွင့်အောင်မြင်၍ သင်တန်းတက်ရောက်ခွင့်ရရှိပါက လစာပြည့်ဖြင့် သင်တန်းတက်ရောက်ခွင့်ပြုထားလျက်ရှိပါတယ်ခင်ဗျား။ သင်ကြားရေးလိုင်းမဟုတ်သော အောက်ခြေဝန်ထမ်းများကိုလည်း ဘွဲ့ရပြီးပါက စာရေး(၁)အဖြစ်သို့ ရာထူးတိုးမြှင့်ခန့်ထားပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆင့်မြင့်ပညာဦးစီးဌာနမှသတ်မှတ်ထားတဲ့ မူလတန်းဆရာအတတ်စာပေးစာယူသင်တန်းအတွက် သင်တန်းသားရွေးချယ်ရေးမူမှာ အောက်ပါအတိုင်းဖြစ်ပါတယ်ခင်ဗျား။ (၁) အခြေခံပညာဦးစီးဌာနမှ ဖွင့်လှစ်သည့် မြို့နယ်အခြေပြုတစ်လသင်တန်းတက်ရောက်ပြီးသူများ၊ (၂) တိုင်းရင်းသားဘာသာစကားသင် မူလတန်းပြဆရာဆရာမများ၊ (၃) မူလတန်းဆရာဖြစ် လက်မှတ်မရှိသေးသော ဆရာဆရာမများ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းခွင်အကြိုမူလတန်းဆရာ အတတ်ပညာသင်တန်း(PPTT)အမှတ်စဉ်(၆/၂၀၁၉) သင်တန်းသားများခေါ်ယူခဲ့ရာတွင် သတ်မှတ်ချက်များနှင့်ကိုက်ညီသော စာရေး(၁)ဝန်ထမ်းများ၊ အထွေထွေလုပ်သားများနှင့် အခြားအောက်ခြေဝန်ထမ်းများအနေဖြင့် ဝင်ခွင့်ဝင်ရောက်ဖြေဆိုခဲ့ရပြီး ဝင်ခွင့်အောင်မြင်သည့် အထွေထွေလုပ်သားဦးရေ ၆၈၆ ဦးတက်ရောက်ခွင့်ရရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ လက်ရှိအခြေအနေတွင် အခြေခံပညာဦးစီးဌာနရှိ စီမံရေးဆိုင်ရာဝန်ထမ်းများဖြစ်တဲ့ အထွေထွေလုပ်သားများအနေနဲ့ သင်ကြားရေးမူလတန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်လိုပါက အဆင့်မြင့်ပညာဦးစီးဌာနမှခေါ်ယူသည့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း(PPTT)သို့ တက်ရောက်ရန် ဝင်ခွင့်ယှဉ်ပြိုင်ဝင်ရောက်ဖြေဆိုရမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ် ဧပြီလမှစတင်၍ ပညာရေးဝန်ကြီးဌာနအနေနဲ့ အရည်အသွေးရှိသော ပညာရေးစနစ်ကို ဦးတည်၍ ပူးပေါင်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့်မို့လို့ အထွေထွေလုပ်သားများကို မူလတန်းစာပေးစာယူ

သင်တန်းတက်ရောက်ရမည်ဟုပါရှိသော ၂၀၁၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ခေါ်ယူခဲ့သော ကြေးမုံ သတင်းစာပါ အလုပ်ခေါ်စာသည် ၂၀၁၃ ခုနှစ်က အလုပ်ကြော်ငြာစာဖြစ်ပြီး အဆိုပါနှစ် နောက်ပိုင်းတွင် အထွေထွေလုပ်သားများအား မူလတန်းဆရာအတတ်စာပေးစာယူသင်တန်း ခေါ်ယူခြင်းမရှိတော့ ပါကြောင်း၊ ယခုလက်ရှိဆောင်ရွက်လျက်ရှိသည့် အရည်အချင်းသတ်မှတ်ချက် (Q-Sheet)အရ ကိုက်ညီမှုမရှိပါကြောင်းနှင့် PPTT တက်ရောက်ခွင့်မရသောအထွေထွေလုပ်သား များအား ဘွဲ့ရရှိပြီးပါက စာရေး(၁)ရာထူးသို့ ရာထူးတိုးမြှင့်ပေးလျက်ရှိပါကြောင်း သို့မဟုတ် သတ်မှတ်ချက်နှင့် ကိုက်ညီပါက PPTT တက်ရောက်ရန် ဝင်ခွင့်ယှဉ်ပြိုင်ဝင်ရောက်ဖြေဆိုနိုင်ပါ ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မင်းလှမြို့နယ်ရှိ ရဲဝန်ထမ်းများနေထိုင်သော ဟောင်းနွမ်းအိမ်ရာအဆောက်အအုံများအား ဖျက်သိမ်း၍ အိမ်ရာအသစ် ဆောက်လုပ်ပေးရန်နှင့် အသုံးပြုရန်မသင့်လျော်သော မော်တော်ယာဉ်နှစ်စီးအား အသစ်လဲလှယ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)ဦးအုန်းခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ကြီး(ခ)ဦးအုန်းခင်(မင်းလှမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ် များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကြီး(ခ)ဦးအုန်းခင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းလှမြို့နယ်မှာရှိတဲ့ အိုမင်းဟောင်းနွမ်းနေတဲ့ နေထိုင်ရန်မသင့်တော်တော့တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ လူနေအိမ်ရာတိုက်ခန်းများအား အမြန်ဆုံးဖျက်ဆီး၍အသစ်ဆောက်လုပ်ပေး ပါရန်နှင့် အိုဟောင်းမော်တော်ယာဉ်နှစ်စီးအား အသစ်လဲလှယ်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ မေးခွန်း ကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(ခ)၊ နည်းဥပဒေ ၁၄၄ အရ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်မှာ ရဲတပ်ဖွဲ့ဝင်အင်အားဟာ ၆၀၊ အဲဒီရဲတပ်ဖွဲ့မှာ အိမ်ထောင်စု ပေါင်းက ၄၄ အိမ်ထောင်စု၊ လူဦးရေအားဖြင့် ၁၇၅ ဦးရှိတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ အဲဒီ ရဲဝန်ထမ်းတွေနေထိုင်ရတဲ့တိုက်တန်းတွေဟာ ၁၉၆၀-၁၉၆၂ ခုနှစ်က တည်ဆောက်ခဲ့ကြောင်း သိရှိရပါတယ်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၅၀ ကျော်ကြာမြင့်ပြီဖြစ်တဲ့အတွက် လူနေထိုင်ရန် မသင့်တော်တဲ့ အန္တရာယ်အဆောင်များဖြစ်နေကြောင်းတွေ့မြင်နေရပါတယ်။ ဒီကိစ္စကို ကျွန်တော့်

အနေနဲ့ကိုယ်တိုင်ကွင်းဆင်းလေ့လာပြီး သိရှိခဲ့ရပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြည်သူ့ရဲဝန်ထမ်းတွေနေထိုင်တဲ့တိုက်တန်း ၁၉၆၀-၁၉၆၂ ခုနှစ်လောက်က တည်ဆောက်ခဲ့တဲ့တိုက်တန်းရှေ့မျက်နှာစာ မြင်ရပုံဖြစ်ပါတယ်။ ဒါလည်းရှေ့မျက်နှာစာမြင်ရပုံဖြစ်ပါတယ်။ ဒါကအတွင်းဘက်မှာရှိနေတဲ့ ကျွန်တော်တို့ အောက်ထပ်ပေါ့။ အောက်ထပ်ကနေအပေါ်ကို ကြည့်လိုက်လို့ရှိရင် အပေါ်ထပ်ကြမ်းခင်းအောက်ထပ်ကနေဆိုရင် ဒါအမိုးမျက်နှာကျက်ပေါ့။ ဒီမျက်နှာကျက်ဟာ အင်္ဂတေကွာကျပြီးအထဲက သံချောင်းတွေပါပေါ်နေတဲ့ အနေအထားကို ဒါတွေ့ရတာ ဖြစ်ပါတယ်။ ဒါလည်းဒီတိုင်းပါပဲခင်ဗျား။ ဒါကတော့ ရဲဝန်ထမ်းတွေနေထိုင်တဲ့တိုက်ခန်းရဲ့ အဆောက်အအုံရဲ့ပေါက်ပြဲနေတဲ့အနေအထားကို ဒါတွေ့မြင်ရတာ ဖြစ်ပါတယ်။ ဒါလည်းအဲဒီလိုပါပဲ အပေါ်ကနေဆိုရင်တော့ကြမ်းခင်း၊ အောက်ကနေဆိုရင်တော့မျက်နှာကျက်ကွာကျနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ အဲဒီအပေါ်ထပ်ကို ကျွန်တော်တို့ တက်သွားပြီးတော့ အပေါ်ထပ်ရဲ့အခင်းကို ကျွန်တော်တို့ရိုက်ပြ ထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ အဲဒီအပေါ်ထပ်မှာရှိတဲ့ ပြတင်းပေါက်တွေနဲ့ အခန်းအနေအထား ဖြစ်ပါတယ်။ ဒီအခန်းတွေမှာဆိုရင် အပေါ်ထပ်ကိုလူတွေ မထားရဲတော့ပါဘူး။ ဒါပေမဲ့အောက်ထပ်မှာ လူတွေဟာအသက်စွန့်ပြီးနေရသလို ဖြစ်နေပါတယ်။ ဒါအချိန်မရွေး ပြိုကျသွားရင်အောက်မှာရှိတဲ့ ရဲဝန်ထမ်းတွေရဲ့မိသားစုတွေဟာ စိုးရိမ်နေရတဲ့အန္တရာယ်ရှိနေပါတယ်။ ဒါကအပေါ်ထပ်ကို တက်သွား တဲ့လှေကားပါ။ ဒါကတော့ ဒီလိုင်းအမှတ်(၁၀) အဆောက်အအုံရဲ့အနောက်ဘက်မြင်ကွင်း ဖြစ်ပါတယ်။ ဒါလည်း အနောက်ဘက်မြင်ကွင်း ဖြစ်ပါတယ်။

ဒါကတော့ အဲဒီတိုက်တန်းတွေမှာ နေဖို့မရတဲ့အတွက်ဘေးမှာ သက်ကယ်မိုးထရံကာနဲ့ ဆောက်လုပ်ထားတဲ့အဆောက်အအုံတွေ၊ အဲဒီအဆောက်အအုံတွေရဲ့ အောက်ခြေခြေရင်းတွေ ပျက်လို့ ငုတ်ထည့်ထားရတဲ့ပုံပါခင်ဗျား။ ဒါကတော့ ဒီအတွင်းကနေပြီးမှအပေါ်ကအင်္ဂတေပြားတွေ ပြိုကျမလာအောင် သစ်သားနဲ့အငုတ်ထောက်ထားတဲ့ ဒေါက်ပုံဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲဝန်ထမ်းတွေရဲ့နေထိုင်ရေးကို အဆောက်အအုံအသစ်ဆောက်လုပ်ပေးနိုင်ပါရန်နှင့် သူတို့ရဲ့တာဝန်အရသွားလာတဲ့အခါမှာ အသုံးပြုတဲ့ယာဉ်အဟောင်းနှစ်စီးအား အသစ်လဲလှယ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကြီး(ခ)ဦးအုန်းခင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ ရေနံမနယ်မြေရဲစခန်းနှင့် လက်ပံတံခါးရဲကင်းစခန်းတို့ တည်ရှိပါတယ်။ မင်းလှမြို့မရဲစခန်းဝန်းအတွင်းရှိ အဆောက်အအုံများမှာ နှစ်ကာလကြာမြင့်၍ ဟောင်းနွမ်းနေပြီးအမြင်တင့်တယ်မှုမရှိခြင်း၊ ပြင်ပနေတပ်ဖွဲ့ဝင်များနှင့် ဖွဲ့စည်းပုံအရအင်အားထပ်မံ ဖြည့်တင်းလာပါက တပ်ဖွဲ့ဝင်များနေထိုင်ရန် အဆောက်အအုံများ လိုအပ်လျက်ရှိခြင်းတို့ကြောင့် ခြောက်ခန်းတွဲ နှစ်ထပ်နှစ်လုံးနှင့် လူ ၃၀ ဦးဆန့် လူပျိုဆောင်တစ်လုံးတို့ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။

မင်းလှမြို့နယ်မှာ နယ်မြေလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး မှုခင်းကျဆင်းရေးလုပ်ငန်းများအတွက် မြို့ပေါ်လှည့်ကင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် မြို့နယ်အတွင်းသို့ အရေးကြီးပုဂ္ဂိုလ်များ လာရောက်စဉ် လုံခြုံရေးဆောင်ရွက်ရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ Hilux Single Cab လုံခြုံရေးယာဉ်တစ်စီး၊ အချုပ်တရားခံများသယ်ဆောင်ရန် Foton အချုပ်ယာဉ်တစ်စီး စုစုပေါင်း မော်တော်ယာဉ်နှစ်စီးထုတ်ပေးထားရှိပြီး မြို့မရဲစခန်းသို့ မော်တော်ယာဉ်ထုတ်ပေးထားခြင်းမရှိသေးပါသဖြင့် မော်တော်ယာဉ်တစ်စီးထုတ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ကြံ့ခိုင်မှုကောင်းမွန်စေရန် ယာဉ်များပြင်ဆင်ရန်အတွက် သာမန်ပြင်ဆင်စရိတ်အသုံးပြုမှုအနေဖြင့် Hilux Single Cab ယာဉ်အတွက် တစ်နှစ်လျှင် ခြောက်သိန်းကျပ်အားလည်းကောင်း၊ Foton အချုပ်ယာဉ်အတွက် တစ်နှစ်လျှင် ခုနစ်သိန်းကျပ်အားလည်းကောင်း သတ်မှတ်ခွင့်ပြုပေးပြီး သာမန်ပြင်ဆင်စရိတ်ခွင့်ပြုသတ်မှတ်နှုန်းထားအပြင် လိုအပ်တဲ့အစိတ်အပိုင်းများအား ထပ်မံ၍အကြီးစားပြင်ဆင်လိုပါက ကုန်ကျစရိတ်ရရှိရေးအတွက် ဗဟိုစက်ပစ္စည်းစာရင်းနှင့်စစ်ဆေးဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြတောင်းခံနိုင်ပါတယ်။ သို့ပါ၍သရက်ခရိုင်၊ မင်းလှမြို့မရဲစခန်းအတွက် လိုအပ်လျက်ရှိတဲ့ ခြောက်ခန်းတွဲနှစ်ထပ်နှစ်လုံးနှင့် လူ ၃၀ ဦးဆံ့ လူပျိုဆောင်တစ်လုံးတို့အား ဆောက်လုပ်ခွင့်ရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမူလအသုံးစရိတ်တွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် မော်တော်ယာဉ်အသစ်များထပ်မံရရှိလာပါက မြို့နယ်ရဲတပ်ဖွဲ့သို့ မော်တော်ယာဉ်တစ်စီး ထပ်မံထုတ်ပေးသွားမည်ဖြစ်ပြီး မြို့နယ်

ရဲတပ်ဖွဲ့မှ လက်ရှိမော်တော်ယာဉ်အား မင်းလှမြို့မရဲစခန်းသို့ လွှဲပြောင်းထုတ်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥတ္တရသီရိမြို့နယ် မြေနေရာရှိပြီးသော မင်းကုန်းအုပ်စုတွင် မီးသတ်ကားထားရှိပြီး ရုံးခွဲဖွင့်လှစ်ပေးရန်၊ တောင်ညိုအုပ်စု၊ ရွှေနံ့သာရပ်ကွက်နှင့် မောင်းရမ်းအုပ်စုများတွင် မီးသတ်ကားထားရှိနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဥတ္တရသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥတ္တရသီရိမြို့နယ်ဟာ လက်ရှိရှိနေတဲ့မြို့နယ်ရုံးစိုက်ရာရပ်ကွက်နှင့် အခြားရပ်ကွက်တစ်ခုနှင့် ကျေးရွာအုပ်စု တစ်ဆက်တစ်စပ်တည်းမဖြစ်ဘဲနဲ့ လိုအပ်ချက်တွေရှိနေတာနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော် တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥတ္တရသီရိမြို့နယ်ရဲ့ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းက မြို့နယ်ရုံးစိုက်ရာ ရပ်ကွက်မှာပဲရှိပါတယ်။ အဲဒီတော့ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအကျော် ရွှေနံ့သာရပ်ကွက်ကနေပြီးတော့မှ တောင်တွင်းလမ်းပေါ်ထိ တောင်ညိုအုပ်စု ဒီမှာရှိနေတဲ့အုပ်စုတွေပေါ်မှာ မီးဘေးအန္တရာယ်ကျရောက်လာတဲ့အခါမှာ မီးသတ်ကားက အချိန်မီရောက်ရှိဖို့အားနည်းလာပါတယ်။ အားနည်းလာတဲ့အတွက် မဆုံးရှုံးသင့်ဘဲနဲ့ ဆုံးရှုံးနေတာလေးတွေဖြစ်လာတယ်။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှာ မောင်းရမ်းအုပ်စု၊ ဖျက်ကုန်းရွာမှာ မီးလောင်ခဲ့တယ်။ နောက် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှာ တောင်ညိုအုပ်စုမှာ မီးလောင်ခဲ့တယ်။ မီးလောင်တဲ့အချိန်မှာ ကျွန်တော်တို့ အချိန်နဲ့တစ်ပြေးညီ မီးသတ်ကားကိုခေါ်နိုင်ခဲ့ပေမဲ့လို့ မီးသတ်ကားရောက်ရှိနိုင်ဖို့မြို့နယ်ရုံး၊ မီးသတ်ဦးစီးဌာနရုံးကနေပြီးတော့မှ မီးလောင်ရာနေရာကို ရောက်ဖို့အတွက် နာရီဝက်ကျော်ကျော် မောင်းရပြီးတော့မှ မီးလောင်ရာအခင်းဖြစ်တဲ့နေရာရောက်ဖို့ဆို တစ်နာရီပတ်ဝန်းကျင်လောက် ကြာပါတယ်။ အဲဒီတော့ အချိန်နဲ့တစ်ပြေးညီမဟုတ်တဲ့အတွက် မဆုံးရှုံးသင့်ဘဲနဲ့ ပိုပြီးတော့မှဆုံးရှုံးသွားတာလေးတွေ ရှိလာပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သက်ဆိုင်ရာမြို့နယ်တာဝန်ရှိတဲ့သူတွေနဲ့ ညှိနှိုင်းဆွေးနွေးပြီးတော့မှ မီးသတ်ဦးစီးဌာနနဲ့ညှိနှိုင်းလာတဲ့အချိန်မှာ ဒီရွှေနံ့သာရပ်ကွက်နှင့်မင်းကုန်းအုပ်စုမှာ မီးသတ်ရုံးမြေနေရာတွေရထားပြီးဖြစ်ပါတယ်။ ရုံးမြေနေရာရထားပြီး နှစ်စဉ်ဘတ်ဂျက်တင်တောင်းပေမယ့်လို့ ရုံးခွဲမရှိပါဘူး။ နောက်မီးသတ်ကားထားဖို့နေရာမရှိတဲ့အတွက် မီးသတ်ကားကိုမြို့နယ်ရုံးမှာပဲ ထားတာလို့သိရပါတယ်။ အဲဒီတော့ မြို့နယ်ရုံးမှာရှိနေတဲ့အတွက် သူကအလှမ်းဝေးနေတယ်။ အဲဒီနေရာတွေမှာသာ

မီးသတ်ကားထားရှိနိုင်မယ်ဆိုရင် ကျွန်တော်တို့က အချိန်နှင့်တစ်ပြေးညီ ပြည်သူတွေကို အကူအညီပေးနိုင်မှာ ဖြစ်ပါတယ်။

မြို့နယ်ရုံးမှာလည်း မီးသတ်ကားက အင်အားအပြည့်ရှိပါတယ်။ မီးသတ်ယာဉ်နှင့် မီးသတ်ရေသယ်ကားတွေရှိနေပါတယ်။ အဲဒီတော့ နောက်တစ်ခုက တောင်ညိုအုပ်စုမှာကျတော့ မြေနေရာမရှိဘူး။ အဲဒီမီးလောင်မှုဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ကိုယ်ထူကိုယ်ထစနစ်နဲ့ ကျွန်တော်တို့ကျေးရွာအုပ်စု တာဝန်ခံတွေ၊ ရပ်မိရပ်ဖတွေအကုန်လုံးစုပေါင်းရှာတဲ့အချိန်မှာ ကျေးရွာပိုင်မြေပေါ်မှာ မီးသတ်စခန်း ယာယီဖွင့်နိုင်ဖို့အတွက်ကို ဝိုင်းဝန်းစီစဉ်ကြပါတယ်။ စီစဉ်တော့ အဲဒီနေရာကိုလည်းရတယ်။ အခုဆိုရင် မြေနေရာလည်းရနေပြီဖြစ်ပါတယ်။ သူတို့ကဘာတောင်းဆိုလဲဆိုတော့ အဆောက်အဦ ခိုင်ခိုင်မာမာမရရင်တောင်မှဘဲ မီးသတ်ကားနဲ့မီးသတ်တပ်ဖွဲ့အင်အား အသင့်အတင့်နဲ့ ယာယီမီးသတ်စခန်းထားရှိပြီးတော့မှ မီးဘေးအန္တရာယ်ကျရောက်ရင် အချိန်နဲ့တစ်ပြေးညီ ကူညီနိုင်ဖို့ အတွက်ဆိုပြီးတော့မှ တောင်းဆိုပါတယ်။ အဲဒီအတွက် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဒီမီးသတ်ကားရုံးနေရာ၊ မီးသတ်ရုံးမြေနေရာရထားပြီးဖြစ်တဲ့ ရွှေနံ့သာရပ်ကွက်နှင့် မင်းကုန်းအုပ်စု မှာရှိနေတဲ့ ရုံးမြေနေရာပေါ်မှာ မီးသတ်ကားထားရှိနိုင်ဖို့၊ မီးသတ်ရုံးခွဲတွေထားပေးဖို့နဲ့ နောက်အခု လက်ရှိတောင်ညိုအုပ်စုမှာ ကိုယ်ထူကိုယ်ထမြေနေရာလည်း ရှိနေပြီဖြစ်တယ်။ ပြည်သူလူထုကလည်း တောင်းဆိုနေတာဖြစ်တဲ့အတွက် မီးသတ်ဌာနခွဲနှင့် မီးသတ်ကားထားရှိပေးဖို့အတွက် အစီအစဉ်ရှိ/မရှိကိုမေးမြန်းချင်တာ ဖြစ်ပါတယ်။ အစီအစဉ်ရှိရင် မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမှာဖြစ်ပြီးတော့မှ အစီအစဉ်မရှိသေးရင်လည်း မည်သည့်အတွက်ကြောင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေပြည်တော်၊ ဥတ္တရသီရိမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အချို့နေရာများမှာ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ နေပြည်တော်၊ ဥတ္တရသီရိခရိုင်၊ ဥတ္တရသီရိမြို့နယ်မှာ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၊ မြို့နယ်မီးသတ်စခန်း၊ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ မီးသတ်စက်သတ်ယာဉ်တစ်စီး၊ ဥတ္တရသီရိနယ်မြေမီးသတ်စခန်း မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ပန်းတင် အမြန်မီးသတ်စခန်းမှာ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးတို့ဖြင့်

မြို့နယ်မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စုမှာ အိမ်ခြေ ၂၇၉၄ လုံး၊ အိမ်ထောင်စု ၂၆၀၀ စု၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် ဆောင်ရွက်လျက်ရှိပြီး ၁၀ နှစ်အတွင်း မီးလောင်မှုခုနစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ၄၅၀၀၀၀ ဖြစ်ပါတယ်။ မင်းကုန်းကျေးရွာအုပ်စုအတွင်း ပညာသိဒ္ဓိမီးသတ်စခန်းနှင့် ခုနစ်မိုင်ခန့်၊ သုခသိဒ္ဓိနယ်မြေ မီးသတ်စခန်းနှင့်ရှစ်မိုင်ခန့်၊ ဗလသိဒ္ဓိနယ်မြေမီးသတ်စခန်းနှင့် ကိုးမိုင်ခန့်၊ ဗဟိုမီးသတ်စခန်းနှင့် ၁၀ မိုင်ခန့်၊ ဥတ္တရသီရိမြို့နယ်မီးသတ်စခန်းနှင့် ၁၂ မိုင်ခန့်ကွာဝေးပြီး အရေးပေါ်မီးလောင်မှုများဖြစ်ပွားလာပါက ပညာသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ သုခသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ဗလသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ဗဟိုမီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီး၊ ဥတ္တရသီရိမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်လေးစီး စုစုပေါင်း မီးသတ်ယာဉ် ၁၃ စီးဖြင့်သွားရောက်ငြိမ်းသတ်နိုင်ပါတယ်။ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကျေးရွာအုပ်စုမှာ အိမ်ခြေ ၂၁၁၇ လုံး၊ အိမ်ထောင်စု ၂၁၄၄ စုရှိပြီး အရံမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် ၁၀ နှစ်ဆောင်ရွက်လျက်ရှိပြီး ၁၀ နှစ်အတွင်း မီးလောင်မှုသုံးကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး သိန်း ၁၃၀၂၄၀၀၀ ကျပ်ဖြစ်ပါတယ်။ တောင်ညိုအုပ်စုမှာ ပန်းတင်အမြန်နယ်မြေမီးသတ်စခန်းမှာ ငါးမိုင်ခန့်၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သုခသိဒ္ဓိနယ်မြေမီးသတ်စခန်းမှာ ၁၃ မိုင်ခန့်၊ ဗလသိဒ္ဓိနယ်မြေ မီးသတ်စခန်းမှာ ၁၄ မိုင်ခန့်၊ ပညာသိဒ္ဓိနယ်မြေမီးသတ်စခန်းနှင့် ၁၅ မိုင်ခန့်၊ ဗဟိုမီးသတ်စခန်းနှင့် ၁၆ မိုင်ခန့်၊ ဥတ္တရသီရိမြို့နယ်မီးသတ်စခန်းနှင့် ၁၈ မိုင်ခန့်ကွာဝေးပြီး အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက ပန်းတင်နယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ သုခသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ဗလသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ပညာသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ဗဟိုမီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီး၊ ဥတ္တရသီရိမီးသတ်စခန်းမှ မီးသတ်ယာဉ် လေးစီး စုစုပေါင်းမီးသတ်ယာဉ်ငါးစီးဖြင့်သွားရောက် ငြိမ်းသတ်နိုင်ပါတယ်။ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်မှာ အိမ်ခြေ ၁၃၆၁ လုံး၊ အိမ်ထောင်စု ၁၃၆၃ စုရှိပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး ဖြင့်ဆောင်ရွက်လျက်ရှိပြီး ၁၀ နှစ်အတွင်း မီးလောင်မှု လေးကြိမ်၊ ဆုံးရှုံးမှုတန်ဖိုး ၄၀၀၀၀ ခန့် ဖြစ်ပါတယ်။

ရွှေနံ့သာရပ်ကွက်က ဇမ္ဗူသီရိမြို့နယ်အတွင်း ပညာသိဒ္ဓိမီးသတ်စခန်းနှင့်ငါးမိုင်ခန့်၊ သုခသိဒ္ဓိနယ်မြေ မီးသတ်စခန်းနှင့်ခြောက်မိုင်ခန့်၊ ဗလသိဒ္ဓိနယ်မြေမီးသတ်စခန်းနှင့်ခုနစ်မိုင်ခန့်၊ ဗဟိုမီးသတ်စခန်းနှင့် ရှစ်မိုင်ခန့်၊ ဥတ္တရသီရိမီးသတ်စခန်းနှင့် ၁၀ မိုင်ခန့်ကွာဝေးပြီး အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက ပညာသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ သုခသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ဗလသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ဗဟို

မီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီး၊ ဥတ္တရသီရိမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်လေးစီး စုစုပေါင်းမီးသတ်ယာဉ် ၁၃ စီးဖြင့် သွားရောက်ငြိမ်းသတ်နိုင်ပါတယ်။ ဥတ္တရသီရိမြို့နယ်၊ မောင်ရမ်းကျေးရွာအုပ်စု အိမ်ခြေ ၁၄၉၀ လုံး၊ အိမ်ထောင်စု ၁၅၆၇ စုရှိပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးရှိပါတယ်။ ၁၀ နှစ်အတွင်း မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ၂၁၀၅၀၀၀ ကျပ်ဖြစ်ပါတယ်။ မောင်ရိုင်းကျေးရွာအုပ်စု၊ ဇမ္ဗူသီရိမြို့နယ်အတွင်း ပညာသိဒ္ဓိနယ်မြေမီးသတ်စခန်းနှင့် ခုနစ်မိုင်ခန့်အကွာ၊ သုခသိဒ္ဓိနယ်မြေ မီးသတ်စခန်းနှင့် ရှစ်မိုင်ခန့်အကွာ၊ ဗလသိဒ္ဓိနယ်မြေမီးသတ်စခန်းနှင့်ကိုးမိုင်ခန့်အကွာ၊ ဗဟိုမီးသတ်စခန်းနှင့် ၁၀ မိုင်ခန့်၊ ဥတ္တရသီရိမြို့နယ် မီးသတ်စခန်းနှင့် ၁၂ မိုင်ခန့်ကွာဝေးပြီး အရေးပေါ် မီးလောင်မှုဖြစ်ပွားပါက ပညာသိဒ္ဓိမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ သုခသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ဗလသိဒ္ဓိနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ဗဟိုမီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီး၊ ဥတ္တရသီရိမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်လေးစီး စုစုပေါင်းမီးသတ်ယာဉ် ၁၃ စီးဖြင့် သွားရောက်ငြိမ်းသတ်နိုင်ပါတယ်။ နေပြည်တော်မှာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတစ်ရုံး၊ ခရိုင်မီးသတ်ဦးစီးမှူးရုံးနှစ်ရုံး၊ ခရိုင်မီးသတ်စခန်းနှစ်ခု၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံးရှစ်ရုံး၊ မြို့နယ်မီးသတ်စခန်းရှစ်ခု၊ နယ်မြေမီးသတ်စခန်း ၂၇ ခုတို့ဖြင့် ဖွင့်လှစ်သွားရန် ဖွဲ့စည်းမိန့် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးတစ်ရုံး၊ ခရိုင်မီးသတ်မှူးရုံးတစ်ရုံး၊ ခရိုင်မီးသတ်စခန်းတစ်ခု၊ မြို့နယ် မီးသတ်စခန်းရှစ်ခုနှင့် နယ်မြေမီးသတ်စခန်း ၁၈ ခုတို့အတွက် မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာများကိုသာ ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ခရိုင်မီးသတ်ဦးစီးမှူးရုံးတစ်ရုံး၊ ခရိုင်မီးသတ်စခန်းတစ်ခု၊ နယ်မြေမီးသတ်စခန်းကိုးခုတို့ ဆောက်လုပ်ရန်ကျန်ရှိပါတယ်။ သို့ပါ၍ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)မှာ ခွင့်ပြုပြီးသော မီးသတ်စခန်းများအနက် မြေနေရာရရှိရေး၊ မီးသတ်စခန်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်နိုင်ရေး၊ မီးသတ်ယာဉ်များ ဖြည့်ဆည်းနိုင်ရေးတို့ကို ဆောင်ရွက်နေရခြင်း၊ တောင်ညိုကျေးရွာအုပ်စုနှင့် မောင်ရမ်းနယ်မြေတို့သည် မီးသတ်စခန်း ဖွဲ့စည်းပုံမရှိသေးခြင်းတို့ကြောင့် ၎င်းကျေးရွာအုပ်စုတို့တွင် နယ်မြေမီးသတ်စခန်းဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဖွဲ့စည်းပုံခွင့်ပြုပြီးဖြစ်တဲ့ မင်းကုန်းနယ်မြေမီးသတ်စခန်းနှင့် ရွှေနံ့သာနယ်မြေမီးသတ်စခန်းတို့အား ဆောက်လုပ်နိုင်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေတွင်လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ ဒုတိယဝန်ကြီး ဖြေကြားသွားတဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိပါတယ်။ မီးသတ်စခန်းရှိနေပြီးသား၊ မြေနေရာရရှိနေပြီးသားရပ်ကွက်နှစ်ခုမှာ ၂၀၂၀-၂၀၂၁ ဘတ်ဂျက်နှစ်အတွက် တင်ပြ

တောင်းခံထားတယ်ဆိုတာလည်း အထူးကျေးဇူးတင်ပါတယ်။ အခုကက အလှမ်းဝေးတဲ့ တောင်ညိုမှာ တကယ်မီးလောင်တဲ့အချိန်မှာ လမ်းကြားတွေဝင်ရတာဖြစ်တဲ့အတွက် ပန်းတင်ကလည်း အချိန်မီမရောက်နိုင်ဘူး။ တောင်ညိုက နေပြည်တော်ကောင်စီဥက္ကဋ္ဌကြီးနဲ့ ပြည်သူလူထု တွေ့ဆုံပွဲမှာလည်း သူတို့တောင်းခဲ့တယ်။ တိုင်းမီးသတ်တပ်ဖွဲ့ကလည်း အချိန်မီရောက်နိုင်တယ်လို့ အဲဒီတုန်းကလည်းပဲ ဖြေခဲ့ပါတယ်။ ဒါပေမဲ့ တကယ်မီးလောင်တဲ့ အချိန်မှာ မရောက်ခဲ့ပါဘူး။ ဒါကြောင့် မဆုံးရှုံးသင့်ဘဲနဲ့လည်းပဲ တချို့ဆုံးရှုံးခဲ့ရတာရှိပါတယ်။ ရှိတော့ အခုဆိုရင် တောင်ညိုအုပ်စု ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်မှာပဲ မင်းကုန်းကျေးရွာမှာ ကျေးရွာပိုင်မြေပေါ်ကနေပြီးတော့မှ မီးသတ်စခန်းထားရှိပေးဖို့ ဆိုပြီးတော့မှ မြေနေရာလည်းပဲ ရရှိနေပြီးဖြစ်ပါတယ်။ အဲဒီအပေါ်မှာ အဆောက်အဦခိုင်ခိုင်မာမာမဟုတ်ဘဲနဲ့ မီးသတ်တပ်ဖွဲ့ရုံးခွဲပေါ့။ မီးသတ်ကားတစ်စီးနဲ့ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့မှ မီးသတ်တပ်ဖွဲ့ရုံးက ရုံးဝန်ထမ်းအင်အားနဲ့ ညှိနှိုင်းပြီးတော့မှ လိုချင်တာတော့ မီးလောင်မှုဖြစ်ရင် မီးသတ်ကားအမြန်ဆုံး လွယ်ကူစွာ မြန်မြန်ရောက်နိုင်မယ့် ရပ်ကွက်အတွင်းမှာ မီးသတ်ကားတစ်စီးထားရှိနိုင်ဖို့ကို လိုချင်တာပါ။ တောင်ညိုအုပ်စု အခုကိုယ်ထူကိုယ်ထမြေနေရာလည်းဖြစ်တယ်။ တိုင်းဦးစီး ကလည်းပဲ ဒီလိုမျိုး ပထမဆွေးနွေးတဲ့အချိန်မှာ မြို့နယ်မီးသတ်တပ်ဖွဲ့နဲ့ညှိနှိုင်းပြီးတော့မှ မီးသတ်ကားတွေလည်းရှိနေတဲ့အတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အားအသင့်အတင့်နဲ့ ထားရှိပေးနိုင် မယ်လို့ ဆွေးနွေးထားရတွေနေတာ့ရှိပါတယ်။ အဲဒီတောင်ညိုမှာရှိနေတဲ့ ကိုယ်ထူကိုယ်ထမီးသတ်ရုံး ထားဖို့ မြေနေရာဆောင်ရွက်ထားတဲ့အပေါ်မှာ မီးသတ်ကားထားရှိပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ တောင်ညိုကျေးရွာ အုပ်စုအနေနဲ့ ဖွဲ့စည်းပုံအရ ခွင့်ပြုမိန့်ရရှိခြင်းမရှိသေးဘူးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ နေပြည်တော်ကောင်စီရဲ့ထောက်ခံချက်နဲ့ ကျွန်တော်တို့ မီးသတ်ကနေပြီးတော့မှ ပြန်လည်ပြီး တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ဆက်လက်ပြီးစိစစ်ပြီးတော့မှ ဆက်လက်တင်ပြဆောင်ရွက် သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**သိနို့မြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းအတွက် ၂၀၂၀-၂၀၂၁ စီမံကိန်းတွင် မြို့နယ်ရုံးတစ်ထပ်ဆောင် ဆောက်လုပ်ခြင်း၊ အချုပ်ခန်းတစ်လုံးဆောက်လုပ်ခြင်းနှင့် လူနေအိမ်လိုင်းခန်းဆောက်လုပ်ခြင်း တို့ကို ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိနို့မဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ဒီကနေ့ သိန္နီမြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းနဲ့ပတ်သက်တဲ့ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ်ရဲတပ်ဖွဲ့စခန်းမှာ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ရဲတပ်ဖွဲ့ဝင်များ အရေအတွက်နဲ့ ရုံးခန်း၊ ဝန်ထမ်းအိမ်ရာများကိုက်ညီမှုမရှိတော့တာကို တွေ့ရပါတယ်။ မြို့နယ်ရုံးမှာလည်း ကျဉ်းကျပ်နေပြီး ရုံးလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ အဆင်မပြေလှပါဘူး။ လက်ရှိရဲဝန်ထမ်း ဦးရေဟာ ၉၀ ကျော်ရှိပြီးတော့ လိုင်းခန်းများလုံလောက်မှုမရှိလို့ ပြင်ပမှာငှားရမ်းနေထိုင်ရခြင်းများလည်းရှိနေတာ တွေ့ရပါတယ်။ အိမ်ခန်းငှားစရိတ်ကြီးမြင့်လာတဲ့အတွက် ရရှိတဲ့လစာနဲ့ လုံလောက်မှုမရှိတော့တာကိုလည်းတွေ့ရပါတယ်။ ရဲဝန်ထမ်းများအတွက် အခက်အခဲဖြစ်လျက် ရှိနေတာ တွေ့ရပါတယ်။

ထို့အပြင် လက်ရှိစခန်းရဲ့အချုပ်ခန်းမှာလည်းပဲ အခန်းကတိုးချဲ့လို့မရတော့တဲ့အတွက် လက်ရှိအချုပ်သားတွေနဲ့ပြည့်ညှပ်စွာထားနေရပါတယ်။ အချုပ်သားတွေကလည်း ကျဉ်းကျပ်စွာထားရှိနေရတဲ့အတွက် သူတို့ရဲ့ကျန်းမာရေး၊ နေထိုင်ရေးအခက်အခဲတွေ များစွာရင်ဆိုင်နေရပါတယ်။ အချုပ်သားများကိုထိန်းသိမ်းရာမှာလည်းပဲ အခက်အခဲဖြစ်လျက်ရှိနေတာကို တွေ့ရပါတယ်။ ယခင်နှစ်များကလည်းပဲ မြို့နယ်စီမံကိန်းလျာထားမှုတွေမှာ တင်ပြခဲ့သော်လည်းပဲ စီမံကိန်းဘတ်ဂျက်အနေနဲ့ ကျမလာတဲ့အတွက် ယခုနှစ်စီမံကိန်းလျာထားချက်မှာ ထပ်မံတင်ပြတောင်းဆိုအပ်ပါတယ်။ ဒါကြောင့် မေးမြန်းလိုသည်မှာ သိန္နီမြို့နယ်၊ မြို့နယ်ရဲစခန်းအတွက် ၂၀၂၀-၂၀၂၁ စီမံကိန်းမှာ မြို့နယ်ရုံးတစ်ထပ်ဆောင်ဆောက်လုပ်ခြင်း(၄၀ x ၃၂ x ၁၁ ပေ)အချုပ်ခန်းတစ်လုံး ဆောက်လုပ်ခြင်း(၅၂ x ၅၂ x ၁၂ ပေ)နှင့် လူနေအိမ်လိုင်းခန်းဆောက်လုပ်ခြင်း ခြောက်ခန်းတွဲ နှစ်ထပ်ငါးလုံး (၁၂၆ x ၃၆ x ၆ ပေ)တို့ကို ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့် ရှိလျှင် မည်သည့် အချိန်ကာလများမှာ ဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်

ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့က သိန္နီမြို့၊ အမှတ်(၂)ရပ်ကွက်မှာ တစ်စုတစ်စည်းတည်းတည်ရှိပါတယ်။ သိန္နီမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးဟာ ရုံးလုပ်ငန်းများဆောင်ရွက်ရန်ကျဉ်းမြောင်းပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့မှာ လက်ရှိတပ်ဖွဲ့ဝင်အင်အားနှင့် နေအိမ်လိုင်းခန်းမျှတမှုမရှိခြင်း၊ ဖွဲ့စည်းပုံအရ အင်အားဖြည့်တင်းလာပါက အဆောက်အအုံများလိုအပ်မည်ဖြစ်ခြင်းတို့ကြောင့် ခေတ်နှင့်လျော်ညီသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး သံကူကွန်ကရစ်တစ်ထပ်တစ်လုံး၊ ခြောက်ခန်းတွဲ နှစ်ထပ်သံကူကွန်ကရစ်တစ်လုံး ဆောက်လုပ်ပေးရန်လိုအပ်လျက်ရှိပါတယ်။ သိန္နီမြို့မရဲစခန်းရုံး (အချုပ်ပါ) အဆောက်အအုံမှာ ကျား ၁၈ ဦးဆံ့ အချုပ်ခန်း၊ ကျား ၁၀ ဦးဆံ့ အချုပ်ခန်းတစ်ခန်း၊ မ နှစ်ဦးဆံ့ အချုပ်ခန်းတစ်ခန်းရှိပြီး လက်ရှိသိန္နီမြို့မရဲစခန်းအချုပ်ခန်းမှာ ဝင်ဆံ့အချုပ်သား ဦးရေထက် မှုခင်းဖြစ်ပွား၍ ချုပ်နှောင်ထားရတဲ့အချုပ်သားဦးရေတွေ ပိုမိုများပြားနေတဲ့အတွက်ကြောင့် အချုပ်ခန်းနှင့် အချုပ်သားဦးရေမမျှတမှုဖြစ်ပွားလျက်ရှိပါတယ်။ သို့ပါ၍ တိုးချဲ့အချုပ်ခန်းတစ်ခန်း ဆောက်လုပ်ပေးရန်လိုအပ်လျက်ရှိပါတယ်။ သိန္နီမြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့အတွက် လိုအပ်လျက်ရှိတဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတစ်ထပ်တစ်လုံး၊ ခြောက်ခန်းတွဲနှစ်ထပ်တစ်လုံး၊ တိုးချဲ့အချုပ်ဆောင်တစ်လုံးတို့အား ဆောက်လုပ်ခွင့်ရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမူလအသုံးစရိတ်တွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မိုင်းယန်းမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးတွင်လိုအပ်နေသော ရဲစခန်း(အချုပ်ခန်းပါ) (၉၀ x ၃၀ x ၁၂ ပေ) သံကူကွန်ကရစ်တစ်လုံး၊ မြို့နယ်ရဲတပ်ဖွဲ့ရုံး (၄၀ x ၃၂ x ၁၂ ပေ) Steel Structure တစ်ထပ်တစ်လုံး၊ ခြောက်ခန်းတွဲနှစ်ထပ် (၁၂၆ ပေ x ၃၅ ပေ x ၆ လက်မ)+ ၂ x ၂(၂၀ x ၂၀ ပေ) သံကူကွန်ကရစ်တစ်လုံး တို့အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆမ်(မိုင်းယန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆမ် ဖြစ်ပါတယ်။ ကျွန်တော့်၏ မဲဆန္ဒနယ်မြေအတွင်း ဆောင်ရွက်ရန်လိုအပ်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးရုံးအဆောက်အဦများအတွက် မေးခွန်းများမေးမြန်းခွင့်တောင်းခံအပ်ပါသည်။ Power Point ဖြင့်ရှင်းလင်းခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါ ကျွန်တော်တို့မိုင်းယန်းမြို့နယ်ယိုယွင်းပျက်စီးနေတဲ့ရုံးအဆောက်အဦပါ။

မူကြမ်း

ဒါ အမိုးကိုပျက်စီးနေတဲ့အဆောက်အအုံဖြစ်ပါတယ်။ ဒါက ဘေးမှာအက်ကွဲနေတဲ့အဆောက်အအုံ ဖြစ်ပါတယ်။ နောက် မျက်နှာကျက်မှာပျက်စီးနေတာဖြစ်ပါတယ်။ ဒါက လိုင်းခန်း(၅)မှာ ပျက်စီး ယိုယွင်းနေသောအမိုးများဖြစ်ပါတယ်။ ဒါက လိုင်းခန်းရဲ့ဘေးမှာ ထိုင်ခုံပျက်စီးယိုယွင်းနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အမှန်တကယ်လိုအပ်နေတဲ့ အဆောက်အအုံများကို ရဲစခန်း (အချုပ်ခန်းပါ) သံကူကွန်ကရစ်တစ်လုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး Steel Structure တစ်လုံး၊ မြို့နယ်ခြောက်ခန်းတွဲနှစ်ထပ်အဆောက်အအုံလိုင်းခန်း သံကူကွန်ကရစ်တစ်လုံးနှင့် သို့ဖြစ်ပါ၍ ၎င်းအဆောက်အအုံများကို ယိုယွင်းပျက်စီးနေပါသဖြင့် လာမယ့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မိုင်းယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆမ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့ဟာ မိုင်းယန်းမြို့၊ ဝေးလိပ်ရပ်ကွက်မှာ တစ်စုတစ်စည်းတည်း တည်ရှိလျက်ရှိပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းဝင်းအတွင်းရှိအဆောက်အအုံများမှာ နှစ်ကာလကြာမြင့်၍ ဟောင်းနွမ်းပြီးအမြင်တင့်တည်မှုမရှိခြင်း၊ လက်ရှိတပ်ဖွဲ့ဝင်အင်အားနှင့် နေအိမ်လိုင်းခန်းလုံလောက်မှုမရှိခြင်း၊ ပြင်ပနေတပ်ဖွဲ့ဝင်များနှင့် ဖွဲ့စည်းပုံအရအင်အား ထပ်မံ ဖြည့်တင်းလာပါက တပ်ဖွဲ့ဝင်များနေထိုင်ရန် အဆောက်အအုံများလိုအပ်လျက်ရှိခြင်းတို့ကြောင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတစ်ထပ်တစ်လုံး၊ မြို့မရဲစခန်း(အချုပ်ပါ) သံကူကွန်ကရစ်တစ်ထပ်တစ်လုံး၊ ခြောက်ခန်းတွဲနှစ်ထပ်တစ်လုံးတို့အား ဆောက်လုပ်ပေးရန်လိုအပ်လျက်ရှိပါတယ်။ သို့ပါ၍ အဆိုပါ အဆောက်အအုံများအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမူလအသုံးစရိတ်တွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှစတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၁၁-၂-၂၀၂၀ ရက်နေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ (၁၄-၂-၂၀၂၀) ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်နှစ်ဦးတို့က အမည်စာရင်း တင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် အချက်(၂၆)ချက်ကို သဘောတူသင့်ကြောင်း၊ ထပ်မံပြင်ဆင်ချက် အချက်(၁၇)ချက်ရှိကြောင်းနဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၁၈)ချက်ရှိကြောင်း တင်ပြလာပါတယ်။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်

စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်(၂၆)ချက်ကို တင်ပြဖို့ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏တာဝန်ပေးချက်အရ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း၏ စိစစ်ချက်ကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ဖြစ်တဲ့ ၂၀-၈-၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၃၀-၁-၂၀၂၀ ရက်နေ့တွင် ကျင်းပသော အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေးတွင်ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ဖြစ်တဲ့ ၁၁-၂-၂၀၂၀ ရက်နေ့တွင် လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်များအပေါ် အဆိုတင်သွင်းဆွေးနွေးလိုသူများကို ၁၄-၂-၂၀၂၀ ရက်(သောကြာနေ့) နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်(ဘီးလင်းမဲဆန္ဒနယ်)နှင့် ဒေါက်တာဦးမင်းသိန်း(ရေဦးမဲဆန္ဒနယ်)မှ ကိုယ်စားလှယ်များက ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၈-၂-၂၀၂၀ ရက်နေ့တွင် ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါတယ်။ ထိုညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက် လွှတ်တော်

ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားသည့်ထဲမှ အချက်(၂၆)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းသဘောတူလက်ခံသည့် အချက်(၂၆)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ မှ ၃ | ၃၊ ၄၊ ၅ | အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ) |
| (ခ) | ၄ | ၇ | အပိုဒ် ၂ အပိုဒ်ခွဲ(ခ) |
| (ဂ) | ၈ | ၁၅ | အပိုဒ် ၂ အပိုဒ်ခွဲ(ဂဂ) |
| (ဃ) | ၉ | ၁၆ | အပိုဒ် ၃ အပိုဒ်ခွဲ(က) |
| (င) | ၁၀ | ၁၉၊ ၂၀ | အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၈)၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဃ) |
| (စ) | ၁၁ | ၂၂၊ ၂၃ | အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ) |
| (ဆ) | ၁၂ | ၂၅ | အပိုဒ် ၁၀ အပိုဒ်ခွဲ(ဃ) |
| (ဇ) | ၁၅ | ၃၁၊ ၃၄ | အပိုဒ် ၁၁ အပိုဒ်ခွဲ(ဍ)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ) |
| (ဈ) | ၁၆ | ၃၅ | အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ) |
| (ည) | ၂၀ | ၄၂၊ ၄၃ | အပိုဒ် ၃၃ အပိုဒ်ခွဲ(ဃ)၊ အခန်း(၁၃)ခေါင်းစဉ် |
| (ဋ) | ၂၂ | ၄၉ | အပိုဒ် ၄၅ အပိုဒ်ခွဲ(ခ) |
| (ဌ) | ၂၃ မှ ၂၄ | ၅၀၊ ၅၁၊ ၅၂၊ ၅၃ | အပိုဒ် ၄၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ) |
| (ဍ) | ၂၅ မှ ၂၆ | ၅၆၊ ၅၈ | အပိုဒ် ၄၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၉ အပိုဒ်ခွဲ(က) |

မူကြမ်း

| | | | |
|---|---|---|---|
| (ဃ) | ၂၇ | ၅၉၊ ၆၀ | အပိုဒ် ၄၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၀ |
| (ဏ) | ၂၈ | ၆၁ | အပိုဒ် ၅၁ |

သို့အတွက် အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် အချက်(၂၆)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်အပေါ်မှာ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အနက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြထားတဲ့ အချက်(၂၆)ချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြထားတဲ့ အချက်(၂၆)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူ ကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက် အချက်(၁၇)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အထက်ကတင်ပြခဲ့တဲ့ ညှိနှိုင်းအစည်းအဝေးတွေရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီက ထပ်မံပြင်ဆင်ရန် တင်ပြချက် အချက်(၁၇)ချက် ရှိပါတယ်။ အဆိုပါ ထပ်မံပြင်ဆင်ရန်

တင်ပြချက်ကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေ တင်ပြထားပြီး ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်(၁၇)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | အပိုဒ် ၂ အပိုဒ်ခွဲ(ည) |
| (ခ) | ၆ | ၁၁ | အပိုဒ် ၂ အပိုဒ်ခွဲ(ဓ) |
| (ဂ) | ၇ | ၁၂ | အပိုဒ် ၂ အပိုဒ်ခွဲ(န) |
| (ဃ) | ၈ | ၁၄ | အပိုဒ် ၂ အပိုဒ်ခွဲ(ရ) |
| (င) | ၁၁ မှ ၁၂ | ၂၄ | အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ) |
| (စ) | ၁၄ | ၂၉၊ ၃၀ | အပိုဒ် ၁၁ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ) |
| (ဆ) | ၁၅ | ၃၃ | အပိုဒ် ၁၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃) |
| (ဇ) | ၁၇ | ၃၈ | အပိုဒ် ၂၃ |
| (ဈ) | ၁၈ မှ ၁၉ | ၃၉၊ ၄၀၊ ၄၁ | အပိုဒ် ၂၆၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ |
| (ည) | ၂၀ မှ ၂၂ | ၄၅၊ ၄၆၊ ၄၇ | အပိုဒ် ၄၂ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၄၃ အပိုဒ်ခွဲ(က) |
| (ဋ) | ၂၄ မှ ၂၅ | ၅၄၊ ၅၅ | အပိုဒ် ၄၇ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က) |

သို့အတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက် အချက်(၁၇)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

မှူးကြမ်း

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန်တင်ပြချက်အချက်(၁၇)ချက်အပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သဘောတူပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက် အချက်(၁၇)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန်လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် အချက်(၁၇)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်များအတိုင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အတိုင်း သဘောမတူတဲ့ အချက်(၁၈)ချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသည့် အချက်(၁၈)ချက်ရှိပါသည်။ အဆိုပါအချက်(၁၈)ချက်ကိုလည်း ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းသဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက်(၁၈)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ | ၂ | အပိုဒ် ၂ အပိုဒ်ခွဲ(ဂ) |

| | | | |
|---|---|---|---|
| (ခ) | ၄ | ၆ | အပိုဒ် ၂ အပိုဒ်ခွဲ(ဇ) |
| (ဂ) | ၅ မှ ၆ | ၈၊ ၉၊ ၁၀ | အပိုဒ် ၂ အပိုဒ်ခွဲ(ဎ)၊ အပိုဒ်ခွဲ(ဏ)၊ အပိုဒ်ခွဲ(ဒ) |
| (ဃ) | ၇ | ၁၃ | အပိုဒ် ၂ အပိုဒ်ခွဲ(ဖ) |
| (င) | ၉ | ၁၇ | အပိုဒ် ၃ အပိုဒ်ခွဲ(ခ) |
| (စ) | ၁၀ | ၁၈ | အပိုဒ် ၃ အပိုဒ်ခွဲ(ဆ) |
| (ဆ) | ၁၁ | ၂၁ | အပိုဒ် ၉ အပိုဒ်ခွဲ(ခ) |
| (ဇ) | ၁၂ မှ ၁၃ | ၂၆၊ ၂၇၊ ၂၈ | အပိုဒ် ၁၀ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဈ) |
| (ဈ) | ၁၅ | ၃၂ | အပိုဒ် ၁၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂) |
| (ည) | ၁၆ | ၃၆၊ ၃၇ | အပိုဒ် ၂၁ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ) |
| (ဋ) | ၂၀ | ၄၄ | အပိုဒ် ၄၂ အပိုဒ်ခွဲ(ဂ) |
| (ဌ) | ၂၂ | ၄၈ | အပိုဒ် ၄၄ |
| (ဍ) | ၂၆ | ၅၇ | အပိုဒ် ၄၉ ခြေဆင်း |

သို့အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၁၈)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၁၈)ချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အချက်(၁၈)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် တိရစ္ဆာန် ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အချက်(၁၈)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်များအတိုင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြ သင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးကအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များ အနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက် အချက်(၁၇)ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း ထားရှိသင့်သည့် အချက်(၁၈)ချက် စုစုပေါင်းအချက်(၃၅)ချက်ကို လွှတ်တော်ကအတည်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့် ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းခဲ့တဲ့ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ၂၀-၈-၂၀၁၉ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အဲဒီအမျိုးသားလွှတ်တော်ကိုပေးပို့ခဲ့တဲ့ ဥပဒေကြမ်းကို ၃၀-၁-၂၀၂၀ ရက်နေ့၌ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့်သဘောတူပါကြောင်း အမျိုးသားလွှတ်တော်မှ ပြန်လည်ပေးပို့လာခဲ့ခြင်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြန်လည်ပေးပို့လာခဲ့တဲ့ ပြင်ဆင်ချက်များအနက် ထပ်မံပြင်ဆင်ရန် တင်ပြချက်(၁၇)ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်းထားရှိမယ့် အချက်(၁၈)ချက် စုစုပေါင်း အချက်(၃၅)ချက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲခဲ့တဲ့အချက်(၃၅)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့(၃၅)ချက်နှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်များ တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းကို ၂၄-၂-၂၀၂၀ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆို တင်သွင်းလိုသူများအနေနဲ့ ဆွေးနွေးလိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊

အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၅-၃-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါ တယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာတင်ပြဖို့ ဖြစ်ပါတယ်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးနိုင်(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ တာဝန်ပေးချက်အရကော်မတီရဲ့ အစီရင် ခံစာ(၁/၂၀၂၀)ကို ဖတ်ကြားတင်သွင်းသွားမယ့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေပြီးဖြစ်ပါသဖြင့် အချက်အလက်အချို့ကိုသာ ကောက်နုတ်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပိုမိုရှင်းလင်းလွယ်ကူစေရန် Power Point ဖြင့်တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့်မေးခွန်းများ တင်သွင်းခဲ့သည့်အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ပြန်လည်ဖြေကြားချက်များအပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဆောင်ရွက်ထားရှိမှုအစီရင်ခံစာ(၁/၂၀၂၀) ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ ကော်မတီမှစိစစ်ထားရှိသည့် လုပ်ငန်းပြီးစီးမှု ဆောင်ရွက်ဆဲလုပ်ငန်းများ၏ အခြေအနေကို ဖော်ပြပါအတိုင်းဖြစ်ပါတယ်။

(က) အတည်ပြုအဆို ၇၀ ရှိပြီး၊ လုပ်ငန်းပြီးစီးမှုအဆို ၂၁ ခုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းအဆို ၄၉ ခုရှိပါတယ်။

(ခ) ကြယ်ပွင့်ပြကတိအဖြစ် မေးခွန်းပေါင်း ၅၂၃ ခု ရှိပြီး လုပ်ငန်းပြီးစီးမှုမှာ ၂၈၀ ဦးနှင့် ဆောင်ရွက်ဆဲလုပ်ငန်း ၂၄၃ ခုရှိပါတယ်။

(ဂ) ကြယ်ပွင့်မပြ ကတိဖြစ်မေးခွန်းပေါင်း ၂၆၁၀ ရှိပြီး လုပ်ငန်းပြီးစီးမှုမှာ ၁၅၉၁ ခုနှင့် ဆောင်ရွက်ဆဲလုပ်ငန်း ၁၀၁၉ ခုရှိပါတယ်။

(ဃ) အတည်ပြုအဆိုနှင့် ကတိဖြစ်မေးခွန်း စုစုပေါင်း ၃၂၀၃ ခုရှိသည့်အနက်မှ လုပ်ငန်းပြီးစီးမှု ၁၈၉၂ ခုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းလက်ကျန်မှာ ၁၃၁၁ ခုရှိပါတယ်။ လုပ်ငန်းပြီးစီးမှုမှာ ၅၉.၀၇ ရာခိုင်နှုန်းရှိပြီး လုပ်ငန်းလက်ကျန်မှာ ၄၀.၉၃ ရာခိုင်နှုန်း ရှိပါတယ်။

သို့ဖြစ်ပါ၍ ကော်မတီမှတင်သွင်းခဲ့တဲ့(၂/၂၀၁၉)အစီရင်ခံစာတွင်ပါရှိသော ပြီးစီးမှုရာခိုင်နှုန်း ထက်ပိုမိုတိုးတက်လာကြောင်း သုံးသပ်ရရှိရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီသည် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆၊ နည်းဥပဒေ ၉၈ အရ လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါ အားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိစိစစ်နိုင်ရန်အတွက် လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စစ်ဆေး နိုင်သည်ဟု ပြဋ္ဌာန်းချက်အရသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်ကြားချက် အရသော်လည်းကောင်း၊ သက်ဆိုင်ရာနယ်မြေများသို့ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါ တယ်။ ကော်မတီသည် ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မတော် အရပ်သားစက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခွင့်ရရှိခြင်းကြောင့် ဖော်ပြပါစက်ရုံများကို သွားရောက်လေ့လာ ခဲ့ပါတယ်။

(က) တပ်မတော်သတ္တုပစ္စည်းစက်ရုံ

(ခ) တပ်မတော်အထည်ချုပ်စက်ရုံ၊ မင်္ဂလာဒုံနှင့်

(ဂ) တပ်မတော်သဘော်ဆိပ်စက်ရုံ(သာကေတ)တို့ကို သွားရောက်လေ့လာခဲ့ပြီး လေ့လာ တွေ့ရှိချက်နှင့် အကြံပြုချက်များပါရှိတဲ့ အစီရင်ခံစာကိုလည်း လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့နိုင်ခဲ့ပါတယ်။

ကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တိုင်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်ရှိ ကုက္ကိုလ်ဝ ရေပေးရေးစီမံကိန်း လုပ်ငန်းသို့သွားရောက်စိစစ်ရာ

(က) လယ်ယာမြေလျော်ကြေးကိစ္စနှင့်ပတ်သက်၍ မြေယာပိုင်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မှု အားနည်းနေခြင်း၊

(ခ) ထန်းတပင်မြို့နယ်အတွင်းရှိ စီမံကိန်းမြေဖြစ်လင့်ကစား မြို့နယ်ပြည်သူလူထု သောက်သုံးရေရရှိခံစားနိုင်ခွင့်မရှိခြင်း၊

(ဂ) ရေသန့်စနစ်တွင် လုံလောက်သောရေစစ်ကန်များ တည်ဆောက်နိုင်ခြင်းမရှိပါက ဓာတုပစ္စည်းများကို အသုံးပြုသန့်စင်သွားမည်ဖြစ်သောကြောင့် ရေရှည်တွင် ကုန်ကျစရိတ်ပိုမိုများပြားလာခြင်း၊

(ဃ) သို့ဖြစ်ပါသောကြောင့် ကုက္ကိုလ်ဝရေပေးရေးစီမံကိန်းဧရိယာအတွင်း ကျရောက်နေသည့် လယ်ယာမြေ ၂၀.၇၅ ဧကအတိုင်း မြေယာလျော်ကြေးငွေပေးနိုင်ရန် မြေယာပိုင်ရှင်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် စီမံကိန်းတာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးကြရန်၊

(င) ထန်းတပင်မြို့နယ်အတွင်း သောက်သုံးရေရရှိရေးကို အကျိုးဝင်အောင် ဆောင်ရွက်သွားရန်၊

(စ) ကုန်ကျစရိတ်သက်သာရန်အတွက် လုံလောက်သော အနည်ထိုင်ကန်များ တည်ဆောက်သွားရန် မြေနေရာရရှိအောင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန်၊

(ဆ) စီမံကိန်းဆောင်ရွက်နေမှုအခြေအနေများကို ပြည်သူလူထုသိရှိအောင် လွှတ်တော်ကိုယ်စားလှယ်များနှင့် စီမံကိန်းတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးသွားကြရန် အကြံပြုတိုက်တွန်းခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကော်မတီသို့ တိုင်ကြားလာသည့် လုပ်ငန်းကိစ္စရပ်များကိုလည်း တစ်ပါတည်း သွားရောက်စိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်၏တိုင်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ ရွှေအိုးအရက်ချက်စက်ရုံလုပ်ငန်း လည်ပတ်နေပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အခြားသောစက်ရုံများကိုလည်း ရွှေအိုးအရက်ချက်စက်ရုံကဲ့သို့ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် ဆောင်ရွက်နိုင်မည့် နည်းပညာသုံးစက်ရုံများဖြစ်အောင် ဆောင်ရွက်သင့်ကြောင်း ဆောင်ရွက်ရန်အခက်အခဲရှိပါက ရွှေအိုးအရက်ချက်စက်ရုံအတွင်းရှိ ရေဆိုးထုတ်စက်ရုံဆီသို့ ပိုက်လိုင်းသွယ်တန်းပြီး မီတာကြေးပေးသွင်းကာ စွန့်ပစ်ရေကို စွန့်ပစ်စေလိုကြောင်း ထိုအချက်နှစ်ချက်အတိုင်း ဆောင်ရွက်ခြင်းမရှိပါက စက်ရုံများ၏ ရေဆိုးစနစ်ကို ဆန်းစစ်သုံးသပ်သွားရန် လိုပြီဖြစ်ကြောင်းအကြံပြုခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊

မူကြမ်း

လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ တိုင်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ ဘုရင့်နောင်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွင်နှင့်ပတ်သက်၍ သွားရောက်စစ်ဆေးခဲ့ပါတယ်။ စီမံကိန်းသည် ယခုအချိန်အထိ စီမံကိန်းအဆောက်အဦ ဒီဇိုင်းပုံစံရေးဆွဲနိုင်ခြင်းမရှိသေးကြောင်း၊ လက်ရှိနေထိုင်သူများမှာ မှန်ကန်တိကျသည့် သတင်းအချက်အလက်များမရရှိသည့်အတွက်ကြောင့် စိုးရိမ်ပူပန်မှုရှိနေကြတဲ့အတွက် စီမံကိန်းနှင့်ပတ်သက်တဲ့ လုပ်ငန်းအဆင့်ဆင့်ကို ပြည်သူလူထုသိရှိအောင်ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသရန်လိုအပ်ကြောင်း အဆောက်အဦဒီဇိုင်းမည်ကဲ့သို့ တည်ဆောက်မည်ဆိုသောသဘောထားစစ်တမ်းကို အမြန်ဆုံးကောက်ယူဆုံးဖြတ်ကြရန်နှင့် တည်ဆောက်ရေးလုပ်ငန်းကို တည်ဆဲဥပဒေ၊ နည်းဥပဒေအတိုင်း စနစ်တကျဆောင်ရွက်သွားရန် အကြံပြုခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်ရှိ ဗဟိုစည်ဈေးရုံသစ်များ တည်ဆောက်ပြီးစီးမှုကိုသွားရောက်စိစစ်ခဲ့ရာ အသစ်တည်ဆောက်ပြီးစီးခဲ့တဲ့ဈေးရုံသစ်အပေါ် ဈေးသူဈေးသားများက သဘောကျနှစ်ခြိုက်ကြောင်း တွေ့ရှိရပြီး အသစ်တည်ဆောက်ရန် ကျန်ရှိနေသေးတဲ့ဈေးရုံ ၁၁ ရုံအား ပြန်လည်တည်ဆောက်ရန်အတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးကော်မတီနှင့် ဈေးအကျိုးဆောင်အဖွဲ့တို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန် အကြံပြုခဲ့ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အတည်ပြု အဆို ၇၀ ရှိတဲ့အထဲမှာ ရေရှည်ဆောင်ရွက်ရမည့်အဆို ၄၉ ခုနှင့်လုပ်ငန်းပြီးစီးသွားသည့်အဆို ၂၁ ခုရှိပါတယ်။ ရေရှည်ဆောင်ရွက်သွားမည့်အဆိုများကို အဆိုတင်သွင်းပြီးနောက် ဝန်ကြီးဌာနများက ဆောင်ရွက်ထားရှိချက်များထဲမှာ အဆိုတစ်ခုကိုကောက်နုတ်ဖော်ပြရာတွင် ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)၏ နိုင်ငံတော်အတွက်ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ်ကြပ်မတ်ကောက်ခံနိုင်ရေး၊ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအတည်ပြုထားသည့်အဆိုအား ပြည်တွင်းအခွန်ဦးစီးဌာနမှဖော်ပြထားသည့် အခွန်ကောက်ခံရရှိမှုအခြေအနေကို သုံးသပ်ပါကတိုးတက်လာကြောင်း တွေ့ရှိရပါတယ်။ အဆိုတင်သွင်း ပြီးနောက် ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ Power Point မှာ တင်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် လုပ်ငန်းများပြီးစီးသွားသည့်အဆိုများရှိသလို ရေရှည်ဆောင်ရွက်သွားမည့်အဆိုများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ်ဆက်လက်ထားရှိပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်ကြားစာများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏တိုင်ကြားစာနှင့် ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ တိုင်ကြားစာများဟူ၍ နှစ်မျိုးနှစ်စားခွဲခြား

သတ်မှတ်ထားရှိပါတယ်။ ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ တိုင်ကြားစာများကို ပြည်သူ့လွှတ်တော် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပို့လျက်ရှိပြီး ပြင်ပတိုင်ကြားစာ ပေါင်း စုစုပေါင်း ၁၂၆ စောင်ထိ လွှဲပြောင်းပေးပို့ထားပြီး ဖြစ်ပါတယ်။ ထို့ပြင် တိုင်ကြားသူကာယကံ ရှင်များထံသို့လည်း အကြောင်းပြန်ကြားစာ ပေးပို့လျက်ရှိပါတယ်။ ကတိဖြစ်လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေဒေသတွင် ဆောင်ရွက်ခြင်းမရှိလျှင်သော်လည်းကောင်း၊ အရည်အသွေးမပြည့်မီလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသည့်ကာလအတွင်း မပြီးဆုံးသေး လျှင်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကတိအတိုင်းဆောင်ရွက်မှုမရှိသည့် လုပ်ငန်းများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက တိုင်ကြားလာပါက လွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းတို့ကို ကော်မတီသို့ ဖိတ်ကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခုတင်ပြထားတဲ့ဇယားများဟာ ကော်မတီမှာ တွေ့ဆုံခဲ့တဲ့ မှတ်တမ်းများဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီ၏တွေ့ရှိ သုံးသပ်ချက်များမှာ-

(၁) ပုံမှန်အစည်းအဝေး အကြိမ်ရေများလာသည်နှင့်အမျှ လုပ်ငန်းအရေအတွက်သည် လည်းများပြားလာသလို ဆောင်ရွက်ဆဲလုပ်ငန်းလက်ကျန်များသည်လည်း များပြား လာမည် ဖြစ်ပါတယ်။

(၂) ကျန်ရှိတဲ့လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ကော်မတီ အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းတို့အပြင် ကွင်းဆင်း စစ်ဆေးခြင်းတို့ကိုပါ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

(၃) ဝန်ကြီးဌာနအချို့က ကတိဖြစ်ခဲ့သောအဆိုနှင့်မေးခွန်းများကို ကတိအဖြစ်မှပယ်ဖျက် ပေးရန် တောင်းဆိုမှုများရှိပါတယ်။ အချို့သောအဆိုများသည် ရေရှည်ဆောင်ရွက် ရမည့်လုပ်ငန်းဖြစ်ပါသဖြင့် ကတိအဖြစ်မှ ပယ်ဖျက်ရန်မဖြစ်နိုင်ပါ။ သို့သော်လည်း အချို့သောလုပ်ငန်းကိစ္စများ ဆောင်ရွက်ပြီးစီးပါက ကတိအဖြစ်မှ အလိုအလျောက် ပယ်ဖျက်ပြီး ဖြစ်သွားပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီ၏အကြံပြုချက်များမှာ

(၁) ဝန်ကြီးဌာနများအနေဖြင့် ကတိဖြစ်မေးခွန်းများကို ဘတ်ဂျက်ရေးဆွဲရာတွင် ထည့်သွင်း လျာထားပေးမှသာ လွှတ်တော်သက်တမ်းကုန်ချိန်တွင် ကတိဖြစ်မှ ပယ်ဖျက်ရသည့်

အရေးအတွက် လျော့ကျသွားမည်ဖြစ်၍ ဘတ်ဂျက်တွင် ဦးစားပေးထည့်သွင်းပေးရန် အကြံပြုအပ်ပါတယ်။

(၂) လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်သည် ယခုနှစ်လွှတ်တော်အတွက် နောက်ဆုံး စိစစ်ရမည့် ဘတ်ဂျက်နှစ်ဖြစ်သဖြင့် မေးခွန်းမေးမြန်းထားသော လွှတ်တော် ကိုယ်စားလှယ်များက ကတိဖြစ်လုပ်ငန်းများ ဘတ်ဂျက်တွင် ပါဝင်ခြင်းရှိ/မရှိ ကြိုတင်စိစစ်ထားရန် အကြံပြုတိုက်တွန်းအပ်ပါတယ်။

(၃) ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက် (၁/၂၀၁၇)တင်ဒါ လုပ်ထုံးလုပ်နည်းအတိုင်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများပြီးစီး အောင် ကြပ်မတ်ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။

(၄) ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရေးလုပ်ငန်းများ ကြန့်ကြာနေမှုမရှိစေဘဲ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ကြရန် အကြံပြုတိုက်တွန်းအပ်ပါတယ်။

(၅) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းဖွဲ့စည်းပုံ အစီအစဉ် သတ်မှတ်ချက်များကို ပိုမိုမြန်ဆန်စွာဆောင်ရွက်၍ ကတိဖြစ်လုပ်ငန်းများကို ထိထိ ရောက်ရောက် အကောင်အထည်ဖော်ပေးပါရန် ထပ်မံအကြံပြုတိုက်တွန်းအပ်ပါ တယ်။

(၆) ကော်မတီမှ သက်ဆိုင်ရာနယ်မြေများသို့ ကွင်းဆင်းစစ်ဆေးရာတွင် လုပ်ငန်းနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေအုပ်ချုပ်ရေးမှူးများအပါအဝင် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အကြံပြုအပ်ပါတယ်။

(၇) တင်ဒါအောင်မြင်ထားသော ကုမ္ပဏီများ၊ အဖွဲ့အစည်းများကို သတ်မှတ်ထားသော ဘဏ္ဍာရေးနှစ်အတွင်း သို့မဟုတ် ဝန်ကြီးဌာနနှင့်စာချုပ်ချုပ်ဆိုထားသော စာချုပ်ပါ ခွင့်ပြုချက်ကာလအတွင်း လုပ်ငန်းများမပြီးစီးပါက ထိရောက်စွာ အရေးယူနိုင်ရန် အကြံပြုအပ်ပါတယ်။

(၈) တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ဖြေကြားထားသော ကတိဖြစ်မေးခွန်းများ အား ပြည်ထောင်စုဘတ်ဂျက်မှ ဆောင်ရွက်နိုင်ခြင်းမရှိပါက ကော်မတီတွင် လုပ်ငန်း တိုက်ဆိုင်စစ်ဆေးသော နေ့ရက်မတိုင်မီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်

အစိုးရအဖွဲ့သို့ လုပ်ငန်းလွှဲပြောင်းအကြောင်းကြားစာပေးပို့၍ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသို့ မိတ္တူပေးပို့သင့်ပါသည်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆၊ နည်းဥပဒေ ၉၈ တို့အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းကိစ္စရပ်အသီးသီးကို စိစစ်ဆောင်ရွက်ရသည့်အတွက် ကတိဖြစ်လုပ်ငန်းများသည် ပြည်သူလူထုအမှန်တကယ်လိုအပ်သည့် လုပ်ငန်းများဖြစ်သည်နှင့်အညီ အရည်အသွေးကောင်းမွန်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ သတ်မှတ်ကာလအတွင်းပြီးစီးဆောင်ရွက်စေခြင်း စသည့်ရလဒ်ကောင်းများထွက်ပေါ်လာအောင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့က ညှိနှိုင်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သလို ကော်မတီအနေဖြင့်လည်း အတတ်နိုင်ဆုံးထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ အရ ဤအစီရင်ခံစာ(၁/၂၀၂၀)ကို လွှတ်တော်သို့ တင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့် ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြားချက်များအပေါ် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဆောင်ရွက်ထားရှိမှု အစီရင်ခံစာ (၁/၂၀၂၀)**

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ (က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ နည်းဥပဒေ ၉၆၊ ၉၇၊ ၉၈၊ ၁၀၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်သူ့လွှတ်တော်သည် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။

**ရည်ရွယ်ချက်**

၂။ ကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လွှတ်တော်တွင်ဖြေကြားခဲ့သော မေးခွန်းများ၊ အဆိုများတွင်ကတိပြုခဲ့သော အာမခံချက်များ၊ တာဝန်ခံချက်များအပေါ်၌ ပြည်သူ့

လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ အရ မည်သည့်အခြေအနေအထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဖြစ်သည်ကိုလည်းကောင်း၊ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှုရှိ/မရှိတို့ကိုလည်းကောင်း၊ သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့အား တွေ့ဆုံစိစစ်၍ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းသည့်မေးခွန်းများ၊ တင်သွင်းသည့်အဆိုများအနက်မှ ကတိပြုတာဝန်ယူခဲ့သည့် လုပ်ငန်းများအား မည်သို့ဆောင်ရွက်ထားရှိသည်ကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာတင်ပြရန်။

**ကော်မတီ၏ ဆောင်ရွက်ချက်များ**

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ၁၅ - ၇ - ၂၀၁၉ ရက်နေ့မှ ၁၉ - ၉ - ၂၀၁၉ ရက်နေ့ထိ ၂၃ ရက်ကျင်းပခဲ့ပြီး ကော်မတီအစည်းအဝေးကို ၁၄ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများအထိ တင်သွင်းခဲ့သည့်အဆိုများနှင့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများကို နေ့စဉ်မှတ်တမ်းတင်စိစစ်ပြီး မေးခွန်းများစိစစ်ရေးအဖွဲ့၊ အဆိုများစိစစ်ရေးအဖွဲ့၊ လုပ်ငန်းလက်ကျန် စိစစ်ရေးအဖွဲ့နှင့် တိုင်ကြားစာများစိစစ်ရေးအဖွဲ့တို့မှ ဤအစီရင်ခံစာအပေါ် သဘောတူညီကြောင်း လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိပါသည်။ **(နောက်ဆက်တွဲ-က)**

၄။ ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ လုပ်ငန်းပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အတည်ပြုအဆို ၇၀ ခုရှိပြီး၊လုပ်ငန်းပြီးစီးမှု အဆို ၂၁ ခု၊ ဆောင်ရွက်ဆဲလုပ်ငန်း အဆို ၄၉ ခု။

(ခ) ကြယ်ပွင့်ပြ ကတိဖြစ်မေးခွန်းပေါင်း ၅၂၃ ခုရှိပြီး၊ လုပ်ငန်းပြီးစီးမှု ၂၈၀ ခု၊ ဆောင်ရွက်ဆဲလုပ်ငန်း ၂၄၃ ခု။

(ဂ) ကြယ်ပွင့်မပြ ကတိဖြစ် မေးခွန်းပေါင်း ၂၆၁၀ ခုရှိပြီး၊ လုပ်ငန်းပြီးစီးမှု ၁၅၉၁ ခု၊ ဆောင်ရွက်ဆဲလုပ်ငန်း ၁၀၁၉ ခု ရှိပါသည်။

(ဃ) အတည်ပြုအဆိုနှင့် ကတိဖြစ်မေးခွန်း စုစုပေါင်း ၃၂၀၃ ခုရှိသည့်အနက်မှ လုပ်ငန်းပြီးစီးမှု ၁၈၉၂ ခု၊ ဆောင်ရွက်ဆဲလုပ်ငန်းကျန်မှာ ၁၃၁၁ ခု ရှိနေပါသည်။ လုပ်ငန်းပြီးစီးမှုမှာ ၅၉.၀၇% ရှိပြီး လုပ်ငန်းလက်ကျန် ၄၀.၉၃% ရှိပါသည်။ **(နောက်ဆက်တွဲ - ခ )**

သို့ဖြစ်ပါ၍ ကော်မတီမှတင်သွင်းထားခဲ့ပြီးသော (၂/၂၀၁၉)အစီရင်ခံစာတွင် ပါရှိသော ပြီးစီးမှု ရာခိုင်နှုန်းထက် တိုးတက်လာကြောင်း သုံးသပ်ရရှိပါသည်။

မူကြမ်း

၅။ ပထမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးများတွင် အတည်ပြုခဲ့သည့် အဆိုများ၊ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ မေးခွန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ဆဲ အခြေအနေပြဇယားကို **နောက်ဆက်တွဲ(ဂ)**ဖြင့် ဖော်ပြထားပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ များ၏ ဖြေကြားချက်များကိုလည်း **DVD ချပ်** ဖြင့် ပူးတွဲဖြန့်ဝေထားပါသည်။

၆။ ကော်မတီသည် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆၊ ၉၈ အရ လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်းရှိ/မရှိ၊ စိစစ်နိုင်ရန်အတွက် လိုအပ်သည့်နေရာဒေသများသို့ သွားရောက် စစ်ဆေးနိုင်သည်ဟု ပြဋ္ဌာန်းချက်အရသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်ကြားချက်အရသော်လည်းကောင်း၊ သက်ဆိုင်ရာနယ်မြေဒေသများသို့ ကွင်းဆင်းစိစစ်ခြင်းများ ကိုလည်း ပြုလုပ်လျက်ရှိပါသည်။

၇။ ကော်မတီသည် ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မတော်အရပ်သားစက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခွင့်ရရှိခြင်းကြောင့် ၂၁-၁၁-၂၀၁၉ ရက်နေ့တွင် အောက်ပါ စက်ရုံများသို့ သွားရောက်လေ့လာခဲ့ပါသည် -

(က) တပ်မတော်သတ္တုပစ္စည်း စက်ရုံ၊

(ခ) တပ်မတော် အထည်ချုပ်စက်ရုံ(မင်္ဂလာဒုံ)နှင့်

(ဂ) တပ်မတော်သဘော်ာဆေးစက်ရုံ(သာကေတ)တို့ကို သွားရောက်လေ့လာခဲ့ပြီး လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်များပါရှိသည့်အစီရင်ခံစာကိုလည်း လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့နိုင်ခဲ့ပါသည်။

၈။ ကော်မတီသည် ၂၃-၁၁-၂၀၁၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိုင်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်ရှိ ကုက္ကိုဝရေပေးဝေရေး စီမံကိန်းလုပ်ငန်းသို့ သွားရောက်စိစစ်ရာ အောက်ပါအတိုင်း စစ်ဆေး တွေ့ရှိရပါသည် -

(က) လယ်ယာမြေ လျော်ကြေးကိစ္စရပ်နှင့်ပတ်သက်၍ မြေယာပိုင်ရှင်များနှင့် ညှိနှိုင်း ဆောင်ရွက်မှု အားနည်းနေခြင်း။

(ခ) ထန်းတပင်မြို့နယ်အတွင်းရှိ စီမံကိန်းပင်ဖြစ်လင့်ကစား မြို့နယ် ပြည်သူလူထု သောက်သုံးရေ ရရှိခံစားပိုင်ခွင့် မရှိခြင်း။

(ဂ) ရေသန့်စနစ်တွင် လုံလောက်သော ရေစစ်ကန်များ တည်ဆောက်နိုင်ခြင်း မရှိပါက ဓာတုပစ္စည်းများကို အသုံးပြု သန့်စင်သွားမည် ဖြစ်သောကြောင့် ရေရှည်တွင် ကုန်ကျစရိတ် ပိုမိုများပြားခြင်း။

(ဃ) သို့ဖြစ်ပါသောကြောင့် ကုက္ကိုဝရေပေးဝေရေး စီမံကိန်းဧရိယာအတွင်း ကျရောက်နေသည့် လယ်ယာမြေ ၂၀.၇၅ ဧကအတိုင်း မြေယာလျော်ကြေးငွေပေး နိုင်ရန် မြေယာပိုင်ဆိုင်သူများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် စီမံကိန်းတာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးကြရန်။

(င) ထန်းတပင်မြို့နယ်အတွင်း သောက်သုံးရေ ရရှိစေရေးကိုပါ အကျုံးဝင်အောင် ဆောင်ရွက်သွားကြရန်။

(စ) ကုန်ကျစရိတ် သက်သာစေရန်အတွက် လုံလောက်သော အနည်ထိုင်ကန်များ တည်ဆောက်နိုင်ရန် မြေနေရာရရှိအောင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြ ရန်။

(ဆ) စီမံကိန်းဆောင်ရွက်နေမှု အခြေအနေမှန်ကို ပြည်သူလူထု သိရှိနားလည်အောင် လွှတ်တော်ကိုယ်စားလှယ်များနှင့် စီမံကိန်း တာဝန်ရှိသူများက ရှင်းလင်း ဆွေးနွေး ပေးသွားကြရန် အကြံပြု တိုက်တွန်းခဲ့ပါသည်။

၉။ လွှတ်တော်ကိုယ်စားလှယ်များမှ ကော်မတီသို့ တိုင်ကြားလာသည့် လုပ်ငန်းကိစ္စရပ်များကို လည်း တစ်ပါတည်း သွားရောက် စိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၏ တိုင်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ် အတွင်းရှိ ရွှေအိုးအရက်ချက်စက်ရုံ လုပ်ငန်းလည်ပတ်ပုံ အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အခြားသောစက်ရုံများကိုလည်း ရွှေအိုးအရက်ချက်စက်ရုံကဲ့သို့ သဘာဝပတ်ဝန်းကျင် မထိခိုက် အောင် ဆောင်ရွက်နိုင်သည့် နည်းပညာသုံးစက်ရုံများဖြစ်လာအောင် ဆောင်ရွက်သင့်ကြောင်း၊ ဆောင်ရွက်ရန် အခက်အခဲရှိပါက ရွှေအိုးအရက်ချက်စက်ရုံတွင်းရှိ ရေဆိုးထုတ်စက်ရုံဆီသို့ ပိုက်လိုင်း သွယ်တန်းပြီး မီတာကြေးပေးသွင်းကာ စွန့်ပစ်ရေကိုစွန့်ပစ်စေလိုကြောင်း၊ ထိုအချက်(၂)ချက် အတိုင်းဆောင်ရွက်ခြင်းမရှိပါက စက်ရုံများ၏ရေဆိုးစွန့်စနစ်ကို ဆန်းစစ်သုံးသပ်သွားရန် လိုအပ် မည် ဖြစ်ကြောင်း အကြံပြုခဲ့ပါသည်။

၁၀။ ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ တိုင်ကြားချက် အရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ ဘုရင့်နောင်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းခွင်နှင့်ပတ်သက်၍ သွားရောက်စိစစ်ရာ စီမံကိန်းသည် ယခုအချိန်ထိ စီမံကိန်း အဆောက်အဦ ဒီဇိုင်းပုံစံရေးဆွဲနိုင်ခြင်း မရှိသေးကြောင်း၊ လက်ရှိနေထိုင်နေကြသူများက

မှန်ကန်တိကျသည့် သတင်းအချက်အလက်များ မသိရှိသည့်အတွက်ကြောင့် စိုးရိမ်ပူပန်လျက်ရှိနေကြသည့်အတွက် စီမံကိန်းနှင့်ပတ်သက်သည့်လုပ်ငန်းအဆင့်ဆင့်ကို ပြည်သူလူထုသိရှိအောင် ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသရန်လိုကြောင်း၊ အဆောက်အဦဒီဇိုင်းမည်ကဲ့သို့ တည်ဆောက်မည်ဆိုသော သဘောထားစစ်တမ်းကို အမြန်ဆုံးကောက်ယူဆုံးဖြတ်ကြရန်နှင့် တည်ဆောက်ရေးလုပ်ငန်းကို တည်ဆဲဥပဒေ၊ နည်းဥပဒေအတိုင်း စနစ်တကျတည်ဆောက်သွားကြရန် အကြံပြုခဲ့ပါသည်။

၁၁။ ကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်ရှိ ဗဟိုစည်ဈေးရုံသစ်များ တည်ဆောက်ပြီးစီးမှုကို သွားရောက်စိစစ်ခဲ့ရာ အသစ်တည်ဆောက်ပြီးစီးသည့် ဈေးရုံသစ်အပေါ် ဈေးသူ/ဈေးသားများက သဘောကျနှစ်ခြိုက်ကြောင်း တွေ့ရှိရပြီး အသစ်ဆောက်လုပ်ရန် ကျန်ရှိနေသေးသည့် ဈေးရုံ(၁၁)ရုံအား ပြန်လည်တည်ဆောက်နိုင်ရန် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးကော်မတီနှင့် ဈေးအကျိုးဆောင်အဖွဲ့တို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် အကြံပြုခဲ့ပါသည်။

၁၂။ အတည်ပြုအဆိုနှင့်ပတ်သက်၍ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ အတည်ပြုထားသည့်အဆို ၇၀ ခုထဲတွင် ရေရှည်ဆောင်ရွက်သွားရမည့် အဆို ၄၉ ခုနှင့် လုပ်ငန်းပြီးစီးသွားသည့်အဆို ၂၁ ခု ရှိပါသည်။ရေရှည်ဆောင်ရွက်သွားရမည့် အဆိုနှင့် အဆိုတင်သွင်းပြီးနောက် ဆောင်ရွက်ထားရှိချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း ကောက်နုတ် ဖော်ပြအပ်ပါသည် -

(က) ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)၏ “နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျစိစစ်ကြပ်မတ်ကောက်ခံပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း” အတည်ပြုထားသည့်အဆိုအား ပြည်တွင်းအခွန်များဦးစီးဌာနမှ ဖော်ပြထားသည့် အခွန်ကောက်ခံရမှုအခြေအနေကို သုံးသပ်ပါက တိုးတက်လာကြောင်း တွေ့ရှိရပါ သည်။

| စဉ် | ဘဏ္ဍာရေးနှစ် | လျာထားချက် | ကောက်ခံရရှိမှု | ရာခိုင်နှုန်း (ကျပ်သန်းပေါင်း) |
|---|---|---|---|---|
| ၁ | ၂၀၁၈(၆)လ | ၂၀၅၄၉၃၈.၂၄၈ | ၂၅၅၆၁၀၂.၂၆၄ | ၁၂၄.၃၉ |
| ၂ | ၂၀၁၈-၂၀၁၉ | ၆၀၅၆၆၀၅.၁၃၀ | ၆၅၈၀၁၂၉၂.၀၉၉ | ၁၀၈.၆၆ |

| | | | | |
|---|---|---|---|---|
| ၃ | ၂၀၁၉-၂၀၂၀<br>(၂၀၁၉ နိုဝင်ဘာလကုန် အထိ) | ၆၄၀၀၅၉၈.၈၀၉ | ၉၉၂၆၂၈.၅၂၈ | ၁၅.၅၁ |

(ခ) အဆိုတင်သွင်းပြီးနောက် ဆောင်ရွက်ထားရှိချက်များနှင့် ပတ်သက်၍ -

(၁) ရွှေထည် လက်ဝတ်ရတနာများ ရောင်းချခြင်းအတွက် ထုတ်ပေးသည့် ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း၊

(၂) တယ်လီဖုန်းဟန်းဆက်များ တင်သွင်းရောင်းချသူများအတွက် ဟန်းဆက် ဗူးခွံများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း၊

(၃) ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေတွင် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၂ ၊ ပုဒ်မခွဲ(ခ)ပါ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်းအတွက် ဆုကြေး ချီးမြှင့်ပေးခြင်း၊

(၄) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)ပါ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်းအထောက်အထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာ ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် တပ်ရိုက်သည့် ဒဏ်ကြေးငွေ တိုးမြှင့်သတ်မှတ်ခြင်းနှင့် သတင်းပေးသူအပြင် ဖမ်းဆီးသူကိုပါ ဆုချီးမြှင့်နိုင်ရေးတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်နိုင်ရေး အတွက် ထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်း၊

(၅) အထူးကုန်စည်ခွန် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လုပ်ငန်းရှင်များအား အခွန်ရုံးချုပ်မှ စိစစ်ရေးအဖွဲ့ဖွဲ့စည်း၍ ဝင်ရောက်စိစစ်ကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊

(၆) ပွင့်လင်းမြင်သာမှုရှိပြီး အခွန်အချို့အား တစ်ပြေးညီ စီမံခန့်ခွဲနိုင်သည့် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့ခြင်း၊

(၇) MSDP တွင် ပါရှိသည့် တစ်နိုင်ငံလုံး အီလက်ထရောနစ် စနစ်ဖြင့် အခွန် ပေးဆောင်ခြင်းကို ချဲ့ထွင်ရန်ဟူသည့် မဟာဗျူဟာနှင့်အညီ

နှစ်စဉ် ထုတ်ပြန်လျက်ရှိသော Doing Bussiness အစီရင်ခံစာ၏ အညွှန်းကိန်း တစ်ခုဖြစ်သည့် အခွန်ပေးဆောင်မှု အညွှန်းကိန်း (Paying Tax Indicator)တိုးတက်ရေးအတွက် နိုင်ငံတော်ငွေပေးချေမှု ကြီးကြပ်ရေးကော်မတီမှ ချမှတ်ထားသောလုပ်ငန်းတာဝန်များနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ပူးပေါင်း၍ လုံခြုံစိတ်ချပြီး စရိတ်သက်သာမှုရှိသည့် အီလက်ထရောနစ် ပေးချေမှုစနစ်များကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ရန်အတွက် အခွန် ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများမှ အခွန်ထမ်း လုပ်ငန်းရှင်များအား MPU Debit Card အသုံးပြု၍ e – Commerce မှတဆင့် အခွန်ပေးသွင်းနိုင်ရန် ဆောင်ရွက်ခြင်း၊

(၈) မြန်မာ့စီးပွားရေးဘဏ်တွင်သာမက ပုဂ္ဂလိကဘဏ်များ မှတဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM–NET စနစ်ရှိ Customer Credit Transfer Function(RTGS)စနစ်ကို အသုံးပြု၍ Online မှ အခွန်ပေးသွင်းနိုင်ရန် ဆောင်ရွက်ခြင်း၊

(၉) M – Banking၊ e – Banking၊ I – Banking စသည့် အီလက်ထရောနစ်ဖြင့် အခွန်ငွေပေးသွင်းခြင်း စနစ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုဆောင်ရွက်ပေးနိုင်မည့် ပုဂ္ဂလိကဘဏ်များမှတဆင့် လုံခြုံ၊ စိတ်ချ၊ စရိတ်သက်သာစွာဖြင့် Online မှ အခွန်ငွေများ ပေးဆောင်နိုင်ရန် ပုဂ္ဂလိက ဘဏ်များတွင် ပြည်တွင်းအခွန်ဦးစီးဌာန ၏ Deposit Only Account ဖွင့်လှစ်ရန် ညှိနှိုင်းနေဆဲ ဖြစ်ခြင်း၊

(၁၀) အခွန်ထမ်းပြည်သူများအား အီလက်ထရောနစ် ဝန်ဆောင်မှုဖြစ်သည့် e–Registration၊ e–Filing နှင့် e–Paymentတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အခွန်စီမံခန့်ခွဲမှုစနစ် Integrated Tax Administration System (ITAS)ကို အကောင်အထည်ဖော်လျက်ရှိခြင်းတို့ကို ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း သိရပါသည်။

၁၃။ သို့ဖြစ်ပါသောကြောင့် လုပ်ငန်းများ ပြီးစီးသွားသည့် အဆိုများရှိသလို ရေရှည် ဆောင်ရွက်သွားရမည့် အဆိုများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် ဆောင်ရွက်ဆဲ လုပ်ငန်းအဖြစ် ဆက်လက်ထားရှိပါသည်။

၁၄။ တိုင်ကြားစာများနှင့်ပတ်သက်၍ ကိုယ်စားလှယ်များ၏ တိုင်ကြားစာနှင့် ပြင်ပပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ တိုင်ကြားစာဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားသတ်မှတ်ထားရှိပါသည်။ ပြင်ပပုဂ္ဂိုလ်/

အဖွဲ့အစည်းများ၏ တိုင်ကြားစာများကို ပြည်သူ့လွှတ်တော် တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးပို့လျက်ရှိပြီး ပြင်ပတိုင်ကြားစာ စုစုပေါင်း ၁၂၆ စောင်ထိ လွှဲပြောင်းပေးပို့ထားပါသည်။ ထို့အပြင် တိုင်ကြားသူကာယကံရှင်များထံသို့လည်း အကြောင်းပြန်ကြားစာ ပေးပို့လျက် ရှိပါသည်။

၁၅။ ကတိဖြစ်လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေဒေသတွင် ဆောင်ရွက်ခြင်း မရှိသေးလျှင်သော်လည်းကောင်း၊ လုပ်ငန်းအရည်အသွေး မပြည့်မီလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း မပြီးဆုံးသေးလျှင်သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ကတိအတိုင်းဆောင်ရွက်မှုမရှိသည့်လုပ်ငန်းများကိုသက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက တိုင်ကြား လာပါက လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းတို့ကို ကော်မတီသို့ ဖိတ်ကြားကာ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပေးလျက်ရှိပါသည်။

အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်များသည် ကော်မတီသို့ တိုင်ကြားလာသည့်အတွက် ဖော်ပြပါဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည် -

| စဉ် | အစည်းအဝေး ရက်စွဲနှင့်အမှတ်စဉ် | ကိုယ်စားလှယ် | ကော်မတီ/ဝန်ကြီးဌာန |
|---|---|---|---|
| ၁။ | ၁၄ – ၉ – ၂၀၁၆<br>၁၄/၂၀၁၆ | ဦးမျိုးဇော်အောင်<br>(ကောလင်းမဲဆန္ဒနယ်) | ထိန်းသိမ်းရေးဝန်ကြီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် |
| ၂။ | ၁၃ – ၆ – ၂၀၁၇<br>၁၇/၂၀၁၇ | ဦးတင်နု(ခ)ဦးတင်နုအောင်<br>(မာန်အောင်မဲဆန္ဒနယ်) | ကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းခြင်း |
| ၃။ | ၁၉ – ၆ – ၂၀၁၇<br>၁၈/၂၀၁၇ | ဦးတင်နု(ခ)ဦးတင်နုအောင်<br>(မာန်အောင်မဲဆန္ဒနယ်) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| ၄။ | ၁၃–၇–၂၀၁၇<br>၂၃/၂၀၁၇ | ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)<br>ဒေါက်တာဒေါ်ရွှေပုံ(ပဲခူးမဲဆန္ဒနယ်)<br>ဒေါ်အေးမြမြမျိုး<br>(ကျောက်တန်းမဲဆန္ဒနယ်) | ကော်မတီဝင်များနှင့်တွေ့ဆုံ<br>ညှိနှိုင်းခြင်း |
| ၅။ | ၁၄–၇–၂၀၁၇<br>၂၄/၂၀၁၇ | ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)<br>ဒေါက်တာဒေါ်ရွှေပုံ(ပဲခူးမဲဆန္ဒနယ်) | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

မူကြမ်း

| စဉ် | အစည်းအဝေး<br>ရက်စွဲနှင့်အမှတ်စဉ် | ကိုယ်စားလှယ် | ကော်မတီ/ဝန်ကြီးဌာန |
|---|---|---|---|
| ၆။ | ၂၉-၈-၂၀၁၇<br>၃၃/၂၀၁၇ | ဦးညာဏ်လင်း<br>(ရွှေပြည်သာမဲဆန္ဒနယ်)<br>ဦးအောင်ကျော်ကျော်ဦး<br>(လှိုင်မဲဆန္ဒနယ်) | ကော်မတီဝင်များနှင့်တွေ့ဆုံ<br>ညှိနှိုင်းခြင်း |
| ၇။ | ၂၉-၈-၂၀၁၇<br>၃၄/၂၀၁၇ | ဒေါက်တာမင်းသိန်း<br>(ရေဦးမဲဆန္ဒနယ်)<br>ဦးနေမျိုးထွန်း<br>(ထန်းတပင်မဲဆန္ဒနယ်) | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| ၈။ | ၉-၁၁-၂၀၁၇<br>၄၀/၂၀၁၇ | ဦးအောင်ခင်ဝင်း<br>(မြိုင်မဲဆန္ဒနယ်)<br>ဦးဌေးမင်းသိန်း<br>(ကြို့ပင်ကောက်မဲဆန္ဒနယ်)<br>ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်<br>(ဘီးလင်းမဲဆန္ဒနယ်)<br>ဦးညာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)<br>ဒေါက်တာမင်းသိန်း<br>(ရေဦးမဲဆန္ဒနယ်)<br>ဦးဝင်းမြင့်အောင်<br>(ဒီပဲယင်းမဲဆန္ဒနယ်) | ကော်မတီဝင်များနှင့် တွေ့ဆုံ<br>ညှိနှိုင်းခြင်း |
| ၉။ | ၆-၂-၂၀၁၈<br>၅/၂၀၁၈ | ဦးအောင်စိန်<br>(ထားဝယ်မဲဆန္ဒနယ်)<br>ဦးမြင့်ဟန်ထွန်း<br>(ဘုတလင်မဲဆန္ဒနယ်) | ကော်မတီဝင်များနှင့် တွေ့ဆုံ<br>ညှိနှိုင်းခြင်း |
| ၁၀။ | ၁၄-၂-၂၀၁၈ | ကော်မတီဝင်များ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး |

မူကြမ်း

| စဉ် | အစည်းအဝေး ရက်စွဲနှင့်အမှတ်စဉ် | ကိုယ်စားလှယ် | ကော်မတီ/ဝန်ကြီးဌာန |
|---|---|---|---|
| | ၆/၂၀၁၈ | | ဝန်ကြီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန |
| ၁၁။ | ၂၇-၂-၂၀၁၈<br>၉/၂၀၁၈ | ကော်မတီဝင်များ | ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ |
| ၁၂။ | ၁၃-၃-၂၀၁၈<br>၁၁/၂၀၁၈ | ဒေါက်တာမင်းသိန်း<br>(ရေဦးမဲဆန္ဒနယ်) | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာန |
| ၁၃။ | ၁၁-၆-၂၀၁၈<br>၁၇/၂၀၁၈ | ဦးတင်နု(ခ)ဦးတင်နုအောင်<br>(မာန်အောင်မဲဆန္ဒနယ်) | ကော်မတီဝင်များနှင့်တွေ့ဆုံ ညှိနှိုင်းခြင်း |
| ၁၄။ | ၁၄-၁၁-၂၀၁၈<br>၂၈/၂၀၁၈ | ဦးအောင်ကျော်ကျော်ဦး<br>(လှိုင်မဲဆန္ဒနယ်) | ကော်မတီဝင်များနှင့်တွေ့ဆုံ ညှိနှိုင်းခြင်း |
| ၁၅။ | ၄-၁၂-၂၀၁၈<br>၃၁/၂၀၁၈ | ဒေါ်ခင်စောဝေ<br>(ရသေ့တောင်မဲဆန္ဒနယ်)<br>ဒေါ်အေးမြမြမျိုး<br>(ကျောက်တန်းမဲဆန္ဒနယ်) | ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန |
| ၁၆။ | ၁၁-၁၂-၂၀၁၈<br>၃၂/၂၀၁၈ | ဦးထွန်းထွန်းဝင်း<br>(ရမည်းသင်းမဲဆန္ဒနယ်)<br>ဒေါ်အေးမြမြမျိုး<br>(ကျောက်တန်းမဲဆန္ဒနယ်)<br>ဦးနိုင်ထူးအောင်<br>(နွားထိုးကြီးမဲဆန္ဒနယ်)<br>ဒေါ်ခင်စောဝေ | ပညာရေးဝန်ကြီးဌာန<br>ရမည်းသင်းမြို့နယ်ပညာရေးမှူး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန<br>စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှု ဝန်ကြီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |

| စဉ် | အစည်းအဝေး ရက်စွဲနှင့်အမှတ်စဉ် | ကိုယ်စားလှယ် | ကော်မတီ/ဝန်ကြီးဌာန |
|---|---|---|---|
| | | (ရသေ့တောင်မဲဆန္ဒနယ်) | |
| ၁၇။ | ၂၂-၁-၂၀၁၉<br>၁/၂၀၁၉ | ဦးထွန်းထွန်းဝင်း<br>(ရမည်းသင်းမဲဆန္ဒနယ်) | ကော်မတီဝင်များနှင့် တွေ့ဆုံ ညှိနှိုင်းခြင်း |
| ၁၈။ | ၃၀-၁-၂၀၁၉<br>၂/၂၀၁၉ | ကော်မတီဝင်များ | ပညာရေးဝန်ကြီးဌာန |
| ၁၉။ | ၇-၂-၂၀၁၉<br>၃/၂၀၁၉ | ဒေါက်တာတင်အောင်<br>(ကျောက်ဆည်မဲဆန္ဒနယ်) | ပညာရေးဝန်ကြီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန |
| ၂၀။ | ၂၅-၂-၂၀၁၉<br>၈/၂၀၁၉ | ဒေါက်တာတင်အောင်<br>(ကျောက်ဆည်မဲဆန္ဒနယ်) | ပညာရေးဝန်ကြီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန |
| ၂၁။ | ၂၁-၅-၂၀၁၉<br>၁၆/၂၀၁၉ | ဦးအာမိုးဆီ<br>(ခေါင်လန်ဖူးမဲဆန္ဒနယ်)<br>ဦးဇော်မင်းသိန်း<br>(လေးမျက်နှာမဲဆန္ဒနယ်)<br>ဦးနေလင်းအောင်<br>(မင်းတပ်မဲဆန္ဒနယ်) | ကော်မတီဝင်များနှင့် တွေ့ဆုံ ညှိနှိုင်းခြင်း |
| ၂၂။ | ၂၃-၅-၂၀၁၉<br>၁၇/၂၀၁၉ | ဦးတင်မောင်ဝင်း<br>(ဆိပ်ကမ်းမဲဆန္ဒနယ်) | ကော်မတီဝင်များနှင့် တွေ့ဆုံ ညှိနှိုင်းခြင်း |
| ၂၃။ | ၂၉-၅-၂၀၁၉<br>၁၈/၂၀၁၉ | ဦးဉာဏ်ဟိန်း<br>(သံဖြူဇရပ်မဲဆန္ဒနယ်) | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန<br>ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန |
| ၂၄။ | ၅-၆-၂၀၁၉<br>၁၉/၂၀၁၉ | ကော်မတီဝင်များ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန |

မူကြမ်း

| စဉ် | အစည်းအဝေး ရက်စွဲနှင့်အမှတ်စဉ် | ကိုယ်စားလှယ် | ကော်မတီ/ဝန်ကြီးဌာန |
|---|---|---|---|
| | | | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန<br>ပညာရေးဝန်ကြီးဌာန<br>ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန<br>မွန်ပြည်နယ်အစိုးရအဖွဲ့<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (မွန်ပြည်နယ်)<br>မြေစာရင်းဦးစီးဌာန (သံဖြူဇရပ်မြို့) |
| ၂၅။ | ၂၇-၁၁-၂၀၁၉<br>၃၆/၂၀၁၉ | ဦးဖုံးတိန့် (ချီဖွေမဲဆန္ဒနယ်)<br>ဒေါက်တာထွန်းလင်းမော် (ကြံခင်းမဲဆန္ဒနယ်)<br>ဦးကျော်ကြီး(ခ)ဦးအုန်းခင် (မင်းလှမဲဆန္ဒနယ်) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန<br>ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန |
| ၂၆။ | ၁၁-၂-၂၀၂၀<br>၄/၂၀၂၀ | ဦးမန်းညွန့်သိန်း (ပန်းတနော်မဲဆန္ဒနယ်)<br>ဦးအောင်တင်လင်း (နတ်မောက်မဲဆန္ဒနယ်) | ကော်မတီဝင်များနှင့် တွေ့ဆုံ ညှိနှိုင်းခြင်း |
| ၂၇။ | ၁၁-၂-၂၀၂၀<br>၅/၂၀၂၀ | ဦးဖုံးတိန့်( ချီဖွေမဲဆန္ဒနယ်)<br>ဒေါက်တာထွန်းလင်းမော် (ကြံခင်းမဲဆန္ဒနယ်)<br>ဦးနိုင်ထူးအောင် (နွားထိုးကြီးမဲဆန္ဒနယ်)<br>ဦးစိုင်းဆမ် (မိုင်းယန်းမဲဆန္ဒနယ်)<br>ဦးခင်မောင်သီ | ကာကွယ်ရေးဝန်ကြီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့<br>ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန<br>ကျန်းမာရေးနှင့်အားကစား |

| စဉ် | အစည်းအဝေး ရက်စွဲနှင့်အမှတ်စဉ် | ကိုယ်စားလှယ် | ကော်မတီ/ဝန်ကြီးဌာန |
|---|---|---|---|
| | | (လှိုင်လင်မဲဆန္ဒနယ်)<br>ဦးကျော်စိုး (ဗန်းမောက်မဲဆန္ဒနယ်)<br>ဦးမြစိန်<br>(ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်)<br>ဦးအောင်ကျော်ကျော်ဦး<br>(လှိုင်မဲဆန္ဒနယ်) | ဝန်ကြီးဌာန<br>ပညာရေးဝန်ကြီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |

**တွေ့ရှိသုံးသပ်ချက်များ**

၁၆။ ပုံမှန်အစည်းအဝေး အကြိမ်ရေ များလာသည်နှင့်အမျှ လုပ်ငန်းအရေအတွက်သည်လည်း များပြားလာသလို ဆောင်ရွက်ဆဲ လုပ်ငန်းလက်ကျန်များသည်လည်း များပြားလာမည် ဖြစ်ပါသည်။

၁၇။ ကျန်ရှိသည့် လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်အောင် ကော်မတီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းများ တိုက်ဆိုင်စိစစ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းတို့အပြင် ကွင်းဆင်းစိစစ်ခြင်းတို့ကို အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၈။ ဝန်ကြီးဌာနအချို့က ကတိဖြစ်ခဲ့သော အဆိုနှင့် မေးခွန်းများကို ကတိအဖြစ်မှ ပယ်ဖျက်ပေးရန် တောင်းဆိုမှုများ ရှိပါသည်။ အချို့သော အဆိုများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါ သဖြင့် ကတိမှပယ်ဖျက်ရန် မဖြစ်နိုင်ပါ၊ သို့သော်လည်း အချို့သော လုပ်ငန်းကိစ္စများ ဆောင်ရွက် ပြီးပါက ကတိအဖြစ်မှ ပယ်ဖျက်ပြီး ဖြစ်သွားပါမည်။

**အကြံပြုချက်များ**

၁၉။ ဝန်ကြီးဌာနများအနေဖြင့် ကတိဖြစ် မေးခွန်းများကို ဘတ်ဂျက်ရေးဆွဲရာတွင် ထည့်သွင်းလျာထားပေးမှသာ လွှတ်တော်သက်တမ်းကုန်ချိန်တွင် ကတိအဖြစ်မှပယ်ဖျက်ပေးရမည့် အရေအတွက် လျော့ကျသွားမည်ဖြစ်၍ ဘတ်ဂျက်တွင် ဦးစားပေးထည့်သွင်းရန် အကြံပြုအပ်ပါသည်။

၂၀။ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်သည် ယခုလွှတ်တော်အတွက် နောက်ဆုံးစိစစ်ရမည့် ဘတ်ဂျက်နှစ် ဖြစ်သဖြင့် မေးခွန်းမေးမြန်းထားသော လွှတ်တော်ကိုယ်စားလှယ်များက ကတိဖြစ်လုပ်ငန်းများ ဘတ်ဂျက်တွင် ပါဝင်ခြင်း ရှိ/မရှိကို ကြိုတင်စိစစ်ထားရန် အကြံပြုတိုက်တွန်းအပ်ပါသည်။

မူကြမ်း

၂၁။ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက် ၁/၂၀၁၇ တင်ဒါ လုပ်ထုံးလုပ်နည်းအတိုင်း သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

၂၂။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းဆောင်သစ်တည်ဆောက်ရေးလုပ်ငန်းများကို ကြန့်ကြာမှုမရှိစေဘဲ သတ်မှတ်ကာလအတွင်းပြီးစီးအောင်တည်ဆောက်ကြရန် အကြံပြုတိုက်တွန်းအပ်ပါသည်။

၂၃။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းဖွဲ့စည်းပုံအစီအစဉ် သတ်မှတ်ချက်များကို ပိုမိုမြန်ဆန်စွာဆောင်ရွက်၍ ကတိဖြစ်လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးရန် ထပ်မံအကြံပြုတိုက်တွန်းအပ်ပါသည်။

၂၄။ ကော်မတီမှ သက်ဆိုင်ရာနယ်မြေများသို့ ကွင်းဆင်းစိစစ်ရာတွင် လုပ်ငန်းနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေအုပ်ချုပ်ရေးမှူးများ အပါအဝင် လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အကြံပြုအပ်ပါသည်။

၂၅။ တင်ဒါအောင်မြင်ထားသော ကုမ္ပဏီများ၊ အဖွဲ့အစည်းများကို သတ်မှတ်ထားသော ဘဏ္ဍာနှစ်အတွင်း သို့မဟုတ် ဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုထားသော စာချုပ်ပါ ခွင့်ပြုချက် ကာလအတွင်း လုပ်ငန်းများ မပြီးစီးပါက ထိရောက်စွာ အရေးယူနိုင်ရန် အကြံပြုအပ်ပါသည်။

၂၆။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရကိုယ်စား ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပြည်ထောင်စအဆင့် အဖွဲ့အစည်းများက ဖြေကြားသော ကတိဖြစ်မေးခွန်းများအား ပြည်ထောင်စုဘတ်ဂျက်မှ ဆောင်ရွက် နိုင်ခြင်း မရှိပါက ကော်မတီတွင် လုပ်ငန်းတိုက်ဆိုင်စစ်ဆေးသော နေ့ရက်မတိုင်မီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရသို့ လုပ်ငန်းလွှဲပြောင်းကြောင်း အကြောင်းကြားစာပေးပို့၍ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသို့ မိတ္တူပေးပို့သင့်ပါသည်။

**နိဂုံး**

၂၇။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆၊ ၉၈ တို့အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ကတိပြုတာဝန်ခံခဲ့သော လုပ်ငန်းကိစ္စရပ်အသီးသီးကို စိစစ်ဆောင်ရွက်ရသည့်အတွက် ကတိဖြစ်လုပ်ငန်းများသည် ပြည်သူလူထု အမှန်တကယ်လိုအပ်သည့် လုပ်ငန်းများဖြစ်သည်နှင့်အညီ အရည်အသွေးကောင်းမွန်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ သတ်မှတ်ကာလအတွင်းပြီးစီးအောင်ဆောင်ရွက်စေခြင်းစသည့် ရလာဒ်ကောင်းများ ထွက်ပေါ်လာအောင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ညှိနှိုင်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သလို ကော်မတီကလည်း

အတတ်နိုင်ဆုံး ထိန်းညှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀ အရ ဤအစီရင်ခံစာ ၁/၂၀၂၀ ကို လွှတ်တော်သို့ တင်ပြအပ်ပါသည်။

**နောက်ဆက်တွဲ (က)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သည့် အတည်ပြုအဆိုများနှင့် မေးမြန်းခဲ့သည့်ကတိဖြစ်မေးခွန်းများအပေါ် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဆက်လက်ဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်သည့် အစီရင်ခံစာအား အောက်ပါအတိုင်းကော်မတီဝင်များမှ သဘောတူညီပါကြောင်း လက်မှတ်ရေးထိုးကြပါသည် –

| စဉ် | အမည် | တာဝန် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဒေါက်တာမေဝင်းမြင့် | ဥက္ကဋ္ဌ | | |
| ၂။ | ဦးမျိုးနိုင် | အဖွဲ့ဝင် | | |
| ၃။ | ဦးအောင်သိန်း | အဖွဲ့ဝင် | | |
| ၄။ | ဒေါ်နီရွှေလျှန်း | အဖွဲ့ဝင် | | |
| ၅။ | ဒေါ်နန်းသန်းသန်းလွင် | အဖွဲ့ဝင် | | |
| ၆။ | ဒေါ်တင်တင်ရီ | အဖွဲ့ဝင် | | |
| ၇။ | ဦးထွန်းထွန်း | အဖွဲ့ဝင် | | |
| ၈။ | ဒေါ်ခင်စောဝေ | အဖွဲ့ဝင် | | |
| ၉။ | ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်း | အဖွဲ့ဝင် | | |
| ၁၀။ | ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် | အဖွဲ့ဝင် | | |
| ၁၁။ | ဦးဝင်းထူး | အဖွဲ့ဝင် | | |
| ၁၂။ | ဦးခင်မောင်ဦး | အဖွဲ့ဝင် | | |
| ၁၃။ | ဦးငွေမင်းသိန်း | အဖွဲ့ဝင် | | |
| ၁၄။ | ဗိုလ်မှူးချုပ်ကျော်စန်းလင်း | အဖွဲ့ဝင် | | |
